# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၈) ရက် ၊ စနေနေ့ ၊ (10-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများကို အဆိုပါသင်တန်းကျောင်းရှိ မြဝတီခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☞




ရတနာပုံ
၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# တက္ကသိုလ်ဝင်တန်းနှင့် ကျောင်းသားလူငယ်တို့ဘဝ လမ်းခရီး

၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ တစ်နိုင်ငံလုံးရှိ စာဖြေဌာနအသီးသီးနှင့် နိုင်ငံခြား၌ ဝင်ရောက်ဖြေဆိုသူ ၁၁ ဦးအပါအဝင် ဖြေဆိုသူဦးရေ ၁၆၁၈၅၀ ရှိခဲ့ပြီး အောင်မြင်ခဲ့သူမှာ ၁၀၉၈၅၁ ဦးဖြစ်ကာ အောင်ချက်မှာ ၆၇ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရပေသည်။ အခြေခံပညာသင်ကြားမှုပုံစံကို သင်ရိုးမှအစပြု၍ ပြုပြင်ပြောင်းလဲလာခဲ့ရာတွင် စနစ်ဟောင်းသင်ရိုးဟောင်းသင်ယူဖြေဆိုမှုအတွက် ယခုထုတ်ပြန်ခဲ့သောစာမေးပွဲသည် စနစ်ဟောင်းသင်ရိုးဟောင်းများအတွက် နောက်ဆုံးနှစ်ဖြစ်သည်ကို တွေ့ရသည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသားလူငယ်များအဖို့ ဘဝတာတစ်ခုလုံးကိုအဆုံးအဖြတ်ပေးနိုင်သည့် စာမေးပွဲဖြစ်သည်။ အောင်မြင်သူများအဖို့ ပညာရေးခရီးလမ်းကို ဆက်လက်၍ လျှောက်လှမ်းကာ ဘွဲ့၊ ဒီဂရီအသီးသီး ရရှိသွားနိုင်သည်ဖြစ်ရာ လူတစ်ယောက်ကို တန်ဖိုးဖြတ် အရည်အချင်းသတ်မှတ်နိုင်သောစာမေးပွဲဟုလည်း ဆိုနိုင်ပေသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအနေဖြင့် မိမိတို့အရည်အချင်း၊ မိမိတို့စိတ်ဝင်စားရာဘာသာရပ်အသီးသီးကို ကောလိပ်၊ တက္ကသိုလ်အသီးသီးတို့တွင် ဆက်လက်လေ့လာသင်ယူခြင်းဖြင့် မိမိဘဝအတွက်သာမက နိုင်ငံအတွက်ပါ တန်ဖိုးရှိသော၊ အားထားရသော အသိပညာရှင်၊ အတတ်ပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ရောက်ရှိမည်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ကြရာတွင် ပညာရေးကဏ္ဍသည် အရင်းအမြစ်ကျ၍ နိုင်ငံ၏အခြေခံလိုအပ်ချက်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖန်တီးထုတ်လုပ်ပေးသည့်နေရာဖြစ်ရာ ပညာရေးကဏ္ဍမှာ နိုင်ငံဖွံ့ဖြိုးမှု၏သော့ချက်တစ်ခုသဖွယ်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် စာတတ်မြောက်မှုနှုန်းမြင့်မားရန် ကြိုးပမ်းဆောင်ရွက်ခဲ့သလို အခြေခံပညာအဆင့်ပြီးမြောက်ရန် ဘွဲ့ရဦးရေတိုးပွားလာရန်တို့ကိုလည်း ဆောင်ရွက်နေကြောင်း တွေ့ရသည်။ ဘွဲ့ရ၊ ပညာတတ်လူငယ်များအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုပုံစံအမျိုးမျိုးသို့လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်း၊ နိုင်ငံ့ဝန်ထမ်း စသည့်နယ်ပယ်အသီးသီးသို့လည်းကောင်း ဝင်ရောက်၍ လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်ကြရာတွင် လက်ရှိအခြေအနေအရပ်ရပ်ကို မှန်ကန်စွာသုံးသပ်၍ ဖြောင့်မတ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ရာ မည်မျှအကျိုးကျေးဇူးများမည်ကို ခန့်မှန်းကြည့်နိုင်သည်။

ယခုအခါ မိမိတို့နိုင်ငံတွင် စာသင်ကျောင်းများနှင့်တက္ကသိုလ်၊ ကောလိပ်များသာမက အသက်မွေးဝမ်းကျောင်းမှုအတတ်ပညာသင်တန်းများပါမကျန် လူငယ်လူရွယ်ကျောင်းသား၊ ကျောင်းသူများကို တက်ကုန်ဖွင့် ရွက်စုံလွှင့်၍ ပညာတတ်များဖြစ်လာရန် သင်ကြားပို့ချပေးနေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့နေရပေသည်။

သို့ဖြစ်ပေရာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးမြောက်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးခရီးလမ်းကို မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ဆုံးခန်းတိုင်ရောက်အောင် သွားရောက်ကြရမည်ဖြစ်သလို ကျရှုံးခဲ့သူများအနေဖြင့်လည်း ထပ်မံကြိုးစားခြင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာသင်တန်းများသို့ တက်ရောက်ခြင်းဖြင့် မိမိကိုယ်ကို တန်ဖိုးရှိသောလူ့စွမ်းအားအရင်းအမြစ်များအဖြစ်ရောက်ရှိအောင် အားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ



**မန္တလေး ဇွန် ၉**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ဆင်ကျွန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့်ကျေးရွာများထဲမှ ခရီးသွားများ လတ်တလောစိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ဆင်ကျွန်းကျေးရွာဖြစ်ကြောင်း၊ ဆင်ကျွန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းများအပါအဝင် လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကိုလည်း ခရီးသွားများစိတ်ဝင်စားမှုများပြားကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာနဲ့ ရှိမ်းမကားကျေးရွာမှာ ဖော်ဆောင်ထားပါတယ်။ အခုဆင်ကျွန်းကျေးရွာကို လည်ပတ်တဲ့ ခရီးသွားတွေက မတ္တရာမြို့နယ် ဧရာဝတီမြစ်အတွင်းမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို သွားရောက်ကြည့်ရှုမှုတွေလဲရှိပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားများအနေဖြင့် မေလနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၂၀ ကျော်သာ လာရောက်လည်ပတ်ခဲ့သော်လည်း ဇွန်လ ပထမပတ်မှစ၍ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေ ၁၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၉**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် ယခင်က အရောင်းအဝယ်ဖြစ်လျက်ရှိသော အကွက်ရိုက်မြေကွက်များသည် ယခုအခါ အရောင်းအဝယ် ရပ်တန့်လုနီးပါးဖြစ်နေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အကွက်ရိုက်မြေကွက်များ အရောင်းအဝယ်ဖြစ်နေခြင်းမှာ အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေခြင်းကြောင့်ဖြစ်ကြောင်း၊ ငှားရမ်းနေထိုင်လိုမှုများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်

"ပုသိမ်ကြီးဘက်မှာ အကွက်ရိုက်ရောင်းနေတာ တော်တော်ကြာနေပါပြီ။ အရစ်ကျစနစ်နဲ့ ရောင်းပေးနေတာဆိုတော့ ဝယ်တဲ့သူတွေ တော်တော်များပါတယ်။ တချို့ကလဲ အိမ်ငှားနေကြပေမဲ့ အများစုကတော့ အကွက်ရိုက်ရောင်းတာလေးတွေကို ဝယ်ပြီးနေကြတာများပါတယ်"ဟု ပုသိမ်ကြီးမြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုဝင်းက ပြောပြသည်။

အကွက်ရိုက်မြေကွက်များသည် မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းဖြစ်ကြောင်း၊ အရောင်းအဝယ်ဖြစ်သည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

ငှားရမ်းမှုများတွင် ယခင်က ဈေးနှုန်းအသင့်အတင့်သာရှိခဲ့ရာမှ ငှားရမ်းမှုများပြားလာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာပြီး တစ်လလျှင် ငွေကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း (မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ သိန်း ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးညိုဝင်းထံမှ သိရသည်။ (၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် (မြောက်ပိုင်း) ဒေသထွက် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာ ပိဿာချိန် ၂၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ (မြောက်ပိုင်း)ဒေသဘက်ကပဲ ဝင်ရောက်တာပါ။ ဝင်ရောက်လာတာနဲ့အမျှ ဈေးကောင်းတွေလဲ ရရှိနေပါတယ်။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားပါတယ်။ ဈေးကိုတော့ ပုံမှန် တစ်ရက်ကို ခြောက်ဘီးကား ငါးစီး၊ ခြောက်စီးဝင်ပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကိုဝင်ရောက်လာတဲ့ ကုန်စိမ်းပစ္စည်းတွေဟာ အရောင်းအဝယ်တွေကောင်းနေပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ အဆင်ပြေနေကြပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မုန်ညင်းဖြူများ အရောင်းအဝယ် ကောင်းနေခြင်းနှင့်အတူ အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ ပျဉ်းပင်ကျေးရွာ၌ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပျဉ်းပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်းထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ပြောပြ၍ သိရသည်။

**ရဲခိုင်ကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တမာတန်း၊ နေလကမ္ဘာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မိက ဝိဇာတမွေးနေ့အတွက် ဒါယကာ၊ ဒါယိကာမတို့က ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၄၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ယခုဘဏ္ဍာနှစ် မေလအတွင်း တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန် မွေးမြူရေးပုစွန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်သန်းရရှိထား



**ထားဝယ် ဇွန် ၉**

ယခုဘဏ္ဍာနှစ် မေလအတွင်း တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန် မွေးမြူရေးပုစွန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်သန်းရရှိထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (တနင်္သာရီတိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးသန်းစိုးက ပြောပြ၍ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ကုန်တင်ပို့ရာတွင် ထိုင်းနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းဖြင့် ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှ တင်ပို့နေခြင်းဖြစ်ပြီး ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန် အများဆုံးတင်ပို့နေရကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ် မေလအတွင်း ထိုင်းနိုင်ငံကို တနင်္သာရီတိုင်းဒေသကြီးက ထွက်ရှိတဲ့ ရေထွက်ကုန် မွေးမြူရေးပုစွန်တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်သန်းရရှိထားပါတယ်။ လက်ရှိမှာ ပုစွန်မွေးမြူရေးကုမ္ပဏီ ခြောက်ခု၊ ဧကပေါင်း ၃၀၀၀ ခန့်က ထွက်ရှိတဲ့ ပုစွန်တန်ချိန် ၈၄၀၇ တန်ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ မွေးမြူရေးပုစွန်အနေနဲ့ ပုစွန်မျိုးစိတ် သုံးမျိုးတင်ပို့ပါတယ်။ ဒါ့ပြင် ငါးမျိုးစိတ် ၆၅ မျိုးနဲ့ အခြားရေထွက်ကုန် ၁၂ မျိုး တင်ပို့နိုင်ခဲ့ပါတယ်"ဟု ဦးသန်းစိုးက ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်း၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း စုစုပေါင်း နယ်စပ်ကုန်သွယ်ရေးစခန်းပေါင်း ခုနစ်ခုဖွင့်လှစ်ကာ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**ASH**

# စဉ့်ကိုင်မြို့နယ် ပင်းချားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စဉ့်ကိုင် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောမကျေးရွာအုပ်စု ပင်းချားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့နှင့်အတူ ပင်းချားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေဖြင့် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းထားရှိရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပင်းချားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါအဆိုပါစီမံကိန်းရန်ပုံငွေဖြင့် တောင်သူ ၂၃ ဦးတို့က (ဆီထွက်သီးနှံ)နေကြာဧက ၄၀ စိုက်ပျိုးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# မင်းဘူးမြို့နယ် သနပ္ပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေး

**မင်းဘူး ဇွန် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ သနပ္ပင်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၀၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သနပ္ပင်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၉ ဦးကို ငွေကျပ် ၃၇ ဒသမ ၈၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၁၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ငါးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၀၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၄၈)

## ကြည်လွင်မြင့်(မုံရွာ)



**မုရိုးပင်**

အင်္ဂလိပ်အမည် - Swallow wart

မျိုးရင်း - Asclepiadaceae (မုရိုးမျိုးရင်း)

ရုက္ခဗေဒအမည် - Calotropisprocera R.Br.

**အဓိကဆေးဖက်ဝင်ပုံ**

အနာပေါက်၊ သွားကိုက်၊ သွားနာ၊ ကင်းကိုက်ရောဂါ၊ ရောင်ရမ်းနာနှင့် ဒဏ်နာများ၊ ကျောက်တည်ရောဂါ၊ သွေးလုံးရောဂါ၊ ဆီးရောဂါ၊ အရိုးအဆစ်ကိုက်ရောဂါ၊ ဒူးအဆစ်ရောဂါ၊ နားကိုက်ရောဂါ၊ သလိပ်ပန်းနာရောဂါ၊ ဝမ်းဖောဝမ်းရောင်ရောဂါ၊ သွက်ချာပါဒလေငန်းရောဂါအတွက် အဓိကဆေးဖက်ဝင်သည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်သည်။ မြစ်၊ ချောင်းကမ်းပါး၊ သောင်ပြင်များတွင် တွေ့ရလေ့ရှိသည်။ သဘာဝအလျောက်ပေါက်ရောက်လေ့ရှိသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အကိုင်း၊ အရွက်၊ အပွင့်၊ အစေး၊ အမြစ်

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ချုံယောင်ပင်ငယ်မျိုးဖြစ်၍ ၁၀ ပေ၊ ၁၅ ပေထိ မြင့်၏။ ပင်စည်ရိုးတံဖြောင့်၍ အစေးဖြူများရှိသည်။

အရွက်။ ။ရွက်လွှဲထွက်သည်။ အရွက်အလယ်ပိုင်းကျယ်ပြန့်၍ အဖျားသို့ရှူးသွားသည်။ ရွက်ရင်း နှလုံးပုံရှိသည်။ အပေါ်မျက်နှာပြင်ပြောင်ချော၍ အောက်မျက်နှာပြင်သည် ငွေရောင်အမွေးနုများဖြင့် ဖုံးအုပ်နေသည်။

အပွင့်။ ။ဆွတ်ဆွတ်ဖြူ သို့မဟုတ် ပန်းရောင်ဖျော့အပွင့်ဖြစ်ပြီး အစုတ်လိုက်ပွင့်သည်။ ပွင့်ကိုင်းရှည်သည်။ ပွင့်ဖတ်အုံထောင်မတ်သည်။ နတ်တော်၊ ပြာသိုလတို့တွင် ပွင့်သည်။

အသီး။ ။အလျား သုံး၊ လေးလက်မထိ ရှည်၍ ကောက်နေသည်။ အစေ့သည် ကျောက်ကပ်ပုံဖြစ်သည်။ ပြာသို၊ တပို့တွဲလတို့တွင် သီးသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ မုရိုးပင်သည် ချို၍ အနည်းငယ်ခါးသောအရသာရှိ၏။ အစေးသည် အနည်းငယ်ငန်၍ ခါး၏။ ပူ၏။ မုရိုးပွင့်သည် သုက်ကိုပွားစေ၏။ ကြေပျက်လွယ်၏။ ဝမ်းမီးကိုတောက်စေ၏။ ဝမ်းသက်စေ၏။ အန်စေတတ်၏။ ခါး၏။ သက်၏။ ချုပ်၏။ ပူ၏။ အားကိုဖြစ်စေ၍ အသက်ကိုရှည်စေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ သွားကိုက်လျှင် မုရိုးအမြစ်ခေါက်ကိုကြိတ်ပြီး သိပ်ပေးလျှင် သွားကိုက်ပျောက်၏။

၂။ ကင်းကိုက်သောဒဏ်ရာပေါ်တွင် မုရိုးစေးသို့မဟုတ် မုရိုးမြစ်ကို သွေးလိမ်းပေးပါက အဆိပ်ကျစေနိုင်သည်။

၃။ မြွေကိုက်လျှင် မုရိုးမြစ်နှင့်ဝါဂွမ်းပင်အမြစ်ရော၍ကြိတ်ပြီးသောက်လျှင် မြွေဆိပ်များပြယ်စေနိုင်သည်။

၄။ ဆင်ခြေထောက်ရောဂါ၊ ရောင်ရမ်းသောနေရာတို့တွင် မုရိုးမြစ်ကိုသွေးလိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၅။ ပေါင်၊ ခြေသလုံးကြွက်သားများတောင့်တင်းကိုက်ခဲသောအခါ မုရိုးမြစ်ကိုကြိတ်၍ မုန်ညင်းဆီဖြင့်ရောစပ်ပြီး ဆူအောင်ချက်ကာ လိမ်းကျံပေးလျှင် အကိုက်အခဲများသက်သာစေနိုင်သည်။

၆။ အရေပြားရောဂါနှင့်အနာကြီးရောဂါဖြစ်သူများအတွက် မုရိုးအမြစ်မှုန့်ကို ပျားရည်နှင့်ရောစပ်၍ ဆေးအဖြစ်တိုက်ကျွေးနိုင်သည်။

၇။ မျက်စိနာရောဂါဖြစ်လျှင် မုရိုးအမြစ်နှင့်မုရိုးအစေးကိုသွေးပြီး မျက်စိကွင်းဆေးအဖြစ်အသုံးပြုနိုင်သည်။

၈။ ဝက်ရူးပြန်ရောဂါရှိသူများအတွက် ဝက်ရူးအတက်ကျစေရန် မုရိုးမြစ်အမှုန့်ကိုရှူဆေးအဖြစ်အသုံးပြုနိုင်သည်။ မုရိုးအပွင့်ကို ဝက်ရူးနာသောက်ဆေးအဖြစ် ဖော်စပ်အသုံးပြုနိုင်သည်။

❖ မုရိုးပင်သည် ချို၍ အနည်းငယ်ခါးသောအရသာရှိ၏။ အစေးသည် အနည်းငယ်ငန်၍ ခါး၏။ ပူ၏။ မုရိုးပွင့်သည် သုက်ကိုပွားစေ၏။ ကြေပျက်လွယ်၏။ ဝမ်းမီးကိုတောက်စေ၏။ ဝမ်းသက်စေ၏။ အန်စေတတ်၏။ ခါး၏။ သက်၏။ ချုပ်၏။ ပူ၏။ အားကိုဖြစ်စေ၍ အသက်ကိုရှည်စေတတ်၏။ ❖

၉။ ကျောက်တည်ရောဂါဖြစ်လျှင် မုရိုးပွင့်အစိုကိုကြိတ်၍ နွားနို့နှင့်သောက်သုံးပေးလျှင် ကျောက်များကျစေနိုင်သည်။

၁၀။ သွေးလုံးရောဂါဖြစ်လျှင် မုရိုးပွင့်ကို နှမ်းဆီဖြင့်ကြော်စားပါက သွေးလုံးကြေစေနိုင်သည်။

၁၁။ ကာလဝမ်းရောဂါဖြစ်လျှင် မုရိုးပွင့်ကို ပြုတ်၍သောက်ခြင်းဖြင့် ဝမ်းရပ်စေနိုင်သည်။

၁၂။ ဒူးနာ၊ ဒူးကိုက်၊ ဒူးကွေး၊ ဆန့်မရခြင်းဖြစ်လျှင် မုရိုးစေးကို မုန်ညင်းဆီနှင့်ချက်ပြီး လိမ်းနယ်ပေးပါ။

၁၃။ ဆီးချုပ်၊ ဆီးအောင့်၊ ဆီးကိုက်ရောဂါဖြစ်လျှင် မုရိုးစေးနှင့် ဆူးဖြူခေါက်အမှုန့်တို့ကို ရောကြိတ်ပြီး ဆီးအိမ်တွင် လိမ်းပေးပါ။

၁၄။ မျက်နှာတွင် တင်းတိပ်များကျလျှင် မုရိုးစေးကို နနွင်းမှုန့်နှင့် ရောစပ်လိမ်းပေးပါက တင်းတိပ်များသက်သာစေနိုင်သည်။

၁၅။ ကျပ်ပုတီးအဖုအကျိတ်များထွက်လျှင် မုရိုးစေးနှင့် သနပ်ထော်စေးတို့ကိုရောစပ်သွေးလိမ်းပေးပါက အဖုအပိမ့်များပိန်သွားပြီး ပျောက်ကင်းစေနိုင်သည်။

၁၆။ အကြောတက်၊ ကိုက်ခဲနာကျင်ခြင်းများဖြစ်ပါက မုရိုးစေးနှင့်ရှိန်းခိုကိုသွေး၍ စုတ်ဖြင့်ထိုးပေးပါက မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်ခြင်းများ ပျောက်ကင်းစေနိုင်သည်။

၁၇။ အတွင်းလိပ်ခေါင်းဖြစ်လျှင် မုရိုးကိုင်းကို အခြောက်လှန်းအမှုန့်ကြိတ်ပြီး ဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။

၁၈။ ခေါင်းကိုက်၊ ဇက်ကြောတက်လျှင် မုရိုးကိုင်းသားခြောက်ကို မီးရှို့၍ အငွေ့ကိုရှူပေးပါက အကြောတက်ရောဂါများ သက်သာပျောက်ကင်းစေနိုင်သည်။

၁၉။ နားကိုက်ခြင်း၊ နားတွင်းအနာပေါက်ခြင်းဖြစ်လျှင် မုရိုးအရွက်ရင့်ကို ထောပတ်နှင့်သုတ်၍ မီးကင်ပြီး အရည်ညှစ်ကာ နားတွင်ထည့်သော် နားနာရောဂါများ သက်သာပျောက်ကင်းစေနိုင်သည်။

❖ မီးကွင်းဂမုန်းသည် အေး၏။ ဖန်သောအရသာရှိ၏။ ပူသောအနာတို့ကိုပျောက်စေ၏။ ဝမ်းသက်ခြင်းကို ရပ်စေ၏။ သွေးကို ငြိမ်သက်စေ၏။ အပူကိုငြိမ်းစေ၏။ လေသလိပ်ကိုနိုင်၏။ အချွဲများကို အောက်သို့သက်စေတတ်၏။ နားအူ၊ နားပင်းခြင်းကို ကောင်းစေတတ်၏။ ❖

၂၀။ သလိပ်နာ၊ ပန်းနာ၊ ဝမ်းဗိုက်နာ၊ ဝမ်းဖောဝမ်းရောင်နာများဖြစ်လျှင် မုရိုးရွက်ကိုကြိတ်၍ အရည်ကိုဆားလှော်အနည်းငယ်ထည့်တိုက်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၂၁။ သူငယ်နာရောဂါအမျိုးမျိုး၊ အဆုတ်ရောင်ရောဂါ၊ ဝမ်းဖောဝမ်းရောင်ရောဂါများအတွက် မုရိုးရွက်ကို အခြောက်လှန်းအမှုန့်ပြုလုပ်ပြီး ဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။

၂၂။ သွက်ချာပါဒလေငန်းရောဂါပျောက်ဆေး၊ အဆစ်ရောင်ရောဂါပျောက်ဆေးများ ဖော်စပ်ရာတွင် မုရိုးပင်ပဋ္ဌင်းပါးကို ထည့်သွင်းအသုံးပြုနိုင်သည်။

**မီးကွင်းဂမုန်း**

အင်္ဂလိပ်အမည် - မတွေ့ရှိ

မျိုးရင်း - Commelinaceae (မြစ်ချိုမျိုးရင်း)

ရုက္ခဗေဒအမည် - Rhoeo Discolor Hance.

**အဓိကဆေးဖက်ဝင်ပုံ**

ဝမ်းကိုက်ရောဂါ၊ သွေးအန်သွေးကျရောဂါ၊ နားပြည်ယိုရောဂါ၊ ဝမ်းသွေးပါရောဂါ၊ မီးလောင်၊ အပူလောင်ရောဂါ၊ ချောင်းဆိုး၊ သလိပ်ကပ်ရောဂါများအတွက် ဆေးဖက်ဝင်သည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရိုး၊ အရွက်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ပင်ငယ်ပင်ပျော့မျိုးဖြစ်သည်။ အမြင့် နှစ်ပေခန့်ထိရှိတတ်သည်။ အရွက်များတစ်ရွက်နှင့်တစ်ရွက်ထပ်လျက် ဝေဆာစွာထွက်ပြီး ရင့်၍ကြွေကျသွားသောအခါ ပင်စည်ပေါ်လာသည်။

အရွက်။ ။ရှည်မျောမျောပုံသဏ္ဌာန်ရှိ၍ နာနတ်ရွက်ကဲ့သို့ အဖျားသို့ ချွန်ထွက်သွားသည်။ အရွက်အပေါ်မျက်နှာပြင် အစိမ်းရင့်ရောင်ရှိ၍ အောက်မျက်နှာပြင်မရန်းရောင်ရှိသည်။ ရွက်နားညီပြီး ကြက်သွေးရောင်ရှိသည်။ အရွက်ပြောင်ချော၍အသားထူပြီး အရည်ရွှမ်းသည်။ ရွက်ပြားပြန့်ပြူးခြင်းမရှိ၊ မြောင်းကဲ့သို့ ခွက်နေ၏။

အပွင့်။ ။သေးငယ်၍တစ်ပွင့်ချင်းပွင့်၏။ အဖြူရောင်ရှိ၏။ ပုခက်ကဲ့သို့ ပွင့်ဖတ်ဖြင့်ဖုံးနေ၏။ နယုန်၊ ဝါဆိုလတို့တွင် ပွင့်၏။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ မီးကွင်းဂမုန်းသည် အေး၏။ ဖန်သောအရသာရှိ၏။ ပူသောအနာတို့ကို ပျောက်စေ၏။ ဝမ်းသက်ခြင်းကို ရပ်စေ၏။ သွေးကို ငြိမ်သက်စေ၏။ အပူကို ငြိမ်းစေ၏။ လေသလိပ်ကို နိုင်၏။ အချွဲများကို အောက်သို့သက်စေတတ်၏။ နားအူ၊ နားပင်းခြင်းကို ကောင်းစေတတ်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ သွေးအန်ရောဂါဖြစ်လျှင် မီးကွင်းဂမုန်း၊ အရိုး၊ အရွက်တို့ကို ထောင်းခြေပြီး ရေနွေးဖြင့် ကျိုပါ။ ထိုရေတွင် ဒိဘာလာသကြား အနည်းငယ်ထည့်၍ သောက်သော် သွေးအန်သွေးကျရောဂါပျောက်ကင်းစေနိုင်သည်။

၂။ နားပြည်ယိုရောဂါဖြစ်လျှင် မီးကွင်းဂမုန်းရွက်ကို မီးကင်ပြီး အရည်ကိုနားတွင်းသို့ ညှစ်ထည့်ပေးပါက ပျောက်ကင်းစေနိုင်သည်။

၃။ ဝမ်းကိုက်ရောဂါဖြစ်လျှင် အရွက်ကို ပါးပါးညှပ်ပြီး အသုပ်ပြုလုပ်စားပါ။ သို့မဟုတ် အရည်ညှစ်ပြီး ဟင်းစားဇွန်းသုံးဇွန်းခန့် သောက်သုံးပေးပါက ပျောက်ကင်းစေနိုင်သည်။

၄။ မီးလောင်ခြင်း၊ အပူလောင်ခြင်းဖြစ်လျှင် မီးကွင်းဂမုန်းအရွက်ကိုခြေပြီး အရည်ညှစ်ချ



ပေးပါက အပူဖုထွက်ခြင်းမှ သက်သာစေနိုင်သည်။

၅။ ဝမ်းတွင်သွေးပါလျှင်၊ သွေးဝမ်းကိုက်ရောဂါဖြစ်လျှင် အရွက်ကို အသုပ်ပြုလုပ်စားခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၆။ သလိပ်ကပ်၊ ချောင်းဆိုးရောဂါဖြစ်လျှင် မီးကွင်းဂမုန်းရွက်ကို အရည်ညှစ်ပြီးဆားလှော်အနည်းငယ်နှင့် ရောစပ်သောက်သုံးပါက အဆက်မပြတ်ဆိုးသော ချောင်းဆိုးရောဂါ ပျောက်ကင်းစေနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ၃၃၄၆ ဧက ရိတ်သိမ်းပြီးစီး

**ကလေး ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၃၃၄၆ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ နွေစပါး ၃၃၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ နွေစပါးဧက ၃၅၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ခင်းတွေကို ရိတ်သိမ်းနေကြပါပြီ။ လက်ရှိအချိန်ထိတော့ နွေစပါးဧက ၃၃၀၀ ကျော်ရိတ်သိမ်းပြီးစီးနေပါပြီ။ တစ်ဧကကို ပျမ်းမျှ ၈၃ ဒသမ ၂၉ တင်းထွက်ရှိပါတယ်။ ဒီလအတွင်း အပြီးရိတ်သိမ်းသွားမှာပါ"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်တွင် နွေစပါး ၃၅၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလမှ ဖေဖော်ဝါရီလပထမပတ်ထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၃၅၆၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်း နွေစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲတတ်ရန်၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီက ကလေးခရိုင်တွင် နွေစပါး ၃၉၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ကလေးမြို့နယ်တွင် ၂၈၇ ဧက၊ ကလေးဝမြို့နယ်တွင် ခုနစ်ဧက၊ မင်းကင်းမြို့နယ်တွင် ၃၅၆၃ ဧက စုစုပေါင်း ၃၈၅၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)



# နေပြည်တော်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆင်း

**နေပြည်တော် ဇွန် ၉**

နေပြည်တော်ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်၊ မြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးခဲ့သောသင်ခန်းစာများကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိပြန်လည်အသုံးချဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးမျိုးမျိုးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ နေပြည်တော်ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်၊ ဇေယျာသီရိခရိုင်၊ ဥတ္တရခရိုင်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းဝန်ထမ်း စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်းလက်စွဲဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ ခေါင်းဆောင်မှုဘာသာရပ်၊ လူ့စွမ်းအားအရင်းအမြစ်ဘာသာရပ်နှင့် ကျေးလက်ဥပဒေ စသည့်သာသာရပ်များကို ကျွမ်းကျင်ဆရာ၊ ဆရာမများက ဇွန် ၅ ရက်မှ ယနေ့ထိ စာတွေ့၊ လက်တွေ့ ငါးရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးမျိုးထံမှ သိရသည်။

**မောင်ရိုင်**

## ကြယ်စင်တွေရဲ့ ပန်းလှအိပ်မက်အလွှန်

\- ပြည့်အရေးဆို ရှေ့ကမို့
မားမတ်လို့ ရပ်တည်နေ၊
တို့ပြည်ထောင် ရှေ့အရေး
တွေးလို့ပူပေ၊
တပ်မတော်သား ကြယ်စင်တွေ
မနားမနေ ပြည့်အတွက်၊
တာဝန်ကို ရည်ရွယ်စူး
ဦးထိပ်ပန်လျက်။

\- ဦးထိပ်ပန် ပြည့်အရေး
မနေးဘဲ ရှက်ဆောင်နေ၊
ဒို့တာဝန် ရေးသုံးပါး
သည်းကြားသန္ဓေ၊
ကြယ်စင်တို့ အားသစ်ဝေ
ပြည့်တွက်လေ အချိန်ပြည့်၊
ဘယ်နေရာ ဘယ်ခါမရွေး
ဦးဆွေးဆံမြည့်။

\- ဦးဆွေးကာ ဆံမြည့်တော့
မလျှော့ပေါ့ ပြည့်တွက်ပေ၊
အေးချမ်းကာ သာယာရေး
အလေးထားနေ၊
ပြည်သူတို့ စားဝတ်နေ
ပြေပါစေ မလျှော့ဇွဲ၊
နေ့ညပင် စဉ်မကွဲ
တွဲလျက်တူပဲ။

\- တွဲလျက်သာ တူနေပ့ါ
ခွဲလို့က မရပေ၊
ရှေးရှုကာ ပန်းတိုင်ပေါက်
ရောက်ရအောင်လေ၊
သောင်းထိုက်က ကြားလောက်လေ
တို့မြန်ပြည် အောင်စည်ဝေ့၊
မနားနေ မနေနားဘဲ
သွားကြမည်လေ့။

\- သွားရမည့် အရေးထဲ
ငြိမ်းချမ်းရေးလည်း ပါဝင်နေ၊
တို့ပြည်ထောင် ငြိမ်းချမ်းမှ
ပန်းလှတွေဝေ၊
ပန်းပေါင်းစုံ သာဖို့လေ
မတွေဝေ ရှေ့ကိုဆက်၊
နောင်ညီတွေ တွဲကာလှမ်းမဲ့
ရောင်နီဝေ ဝဲဖြာဖျန်းတဲ့
ပန်းလှအိပ်မက်။

\- ပန်းလှဖို့ အိပ်မက်မှ
နိုးထလို့ ရှေ့ကိုချီ၊
တို့ပြည်ထောင် သာစေရေး
မနေးကြပြီ၊
ခြေလှမ်းတို့ အသစ်တည်
ရှေ့ဆီကို မှန်မှန်ရွှေ့၊
မဝေးမှာ တို့ပန်းတိုင်ပေါ့
အပြေးသာ တို့လှမ်းကိုင်ဖို့
တို့နိုင်ငံ အောင်ပန်းခိုင်ကိုဖြင့်
ဆောင်လှမ်းကိုင် ချိန်မလင့်အောင်
အသင့်ပြင်၍။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# ဟွန်ဒူးရပ်စ်သမ္မတ ကတ်စထရို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ရောက်ရှိ

**ရှန်ဟိုင်း ဇွန် ၉**

ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာ ကတ်စထရိုသည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါခရီးစဉ်သည် ဟွန်ဒူးရပ်စ်လက်ဝဲဝါဒီ အမျိုးသမီးသမ္မတ ကတ်စထရိုအတွက် တရုတ်နှင့် ဟွန်ဒူးရပ်စ်တို့ကြား သံတမန်ဆက်ဆံရေး တရားဝင်ထားရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်သည်။

ဇွန် ၁၄ ရက်ထိကြာမြင့်မည့် တရုတ်နိုင်ငံခရီးစဉ်အတွင်း ဟွန်ဒူးရပ်စ်သမ္မတ ကတ်စထရိုသည် သမ္မတရှီကျင့်ဖျင်အပါအဝင်တရုတ်ထိပ်တန်း ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံသည် ယခုနှစ် မတ်လအတွင်း တရုတ်(ထိုင်ပေ)နှင့် သံတမန်အဆက်အသွယ်ဖြတ်တောက်၍ တရုတ်နိုင်ငံနှင့် တရားဝင်သံတမန်ဆက်ဆံရေး စတင်ထားရှိခဲ့သည်။

ဟွန်ဒူးရပ်စ်သမ္မတနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ရှေ့ဆက်ခိုင်မာ အားကောင်းလာစေရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် ဟွန်ဒူးရပ်စ်နိုင်ငံက သံတမန်အဆက်အသွယ်ဖြတ်တောက်ခဲ့သည့် တရုတ်(ထိုင်ပေ)အတွက် တရားဝင် သံတမန်အဆက်အသွယ် ထားရှိသည့် နိုင်ငံပေါင်း ၁၃ နိုင်ငံသာ ကျန်ရှိတော့ကြောင်း သိရသည်။

KKO



# နုစန်တာရာမြို့တော်သစ်တည်ဆောက်ရေးအတွက် ထပ်တိုးအသုံးစရိတ် အင်ဒိုနီးရှားလွှတ်တော် ခွင့်ပြု



**ဂျကာတာ ဇွန် ၉**

အစိုးရရုံးစိုက်ရာ မြို့တော်သစ် တည်ဆောက်ရေးလုပ်ငန်းကို အရှိန်မြှင့်တင်ရေးအတွက် ထပ်တိုးအသုံးစရိတ် ရူပီးယား ၁၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ဘီလီယံ)ချပေးရန် အင်ဒိုနီးရှား လွှတ်တော် ဘတ်ဂျက်ကော်မတီက ယနေ့တွင် အတည်ပြုပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အစိုးရရုံးစိုက်ရာနေရာကို ဂျကာတာမြို့မှ နုစန်တာရာအမည်ရှိ တည်ဆောက်ဆဲ မြို့တော်သစ်ဆီသို့ ရွှေ့ပြောင်းရန်စီစဉ်ထားသည်။

အင်ဒိုနီးရှား လွှတ်တော်သည် ယခုနှစ်အတွင်း အကောင်အထည်ဖော်မည့် နုစန်တာရာမြို့တော်သစ် စီမံကိန်းများအတွက် အသုံးစရိတ်အဖြစ် ရူပီးယား ၂၂ ထရီလီယံကို ခွင့်ပြုပေးထားပြီးဖြစ်သည်။

သို့ရာတွင် ယခုနှစ်အတွင်း အကောင်အထည်ဖော်မည့် နုစန်တာရာမြို့တော်သစ် စီမံကိန်းများ အရှိန်အဟုန်မြန်ဆန်စေရေးအတွက် ရူပီးယား၁၅ထရီလီယံထပ်မံ သုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားလွှတ်တော်ဘတ်ဂျက်ကော်မတီဝင်များက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ဘော်နီယိုကျွန်းပေါ်၌ တည်ဆောက်နေသော နုစန်တာရာမြို့တော်သစ်ကို ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းတွင်အပြီး သတ်တည်ဆောက်ရန် ရည်ရွယ်ထားသည်။

နုစန်တာရာ မြို့တော်သစ် တည်ဆောက်ရေးစီမံကိန်းအတွက် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံထိ သုံးစွဲရဖွယ်ရှိကြောင်း သိရသည်။

KKO

# တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ မြေအက်ကွဲကြောင်းများကြောင့် အထပ်မြင့်အဆောက်အအုံ သုံးလုံး၌ နေထိုင်သူများကိုရွှေ့ပြောင်း

**တီယန်ကျင်း ဇွန် ၉**

တရုတ်နိုင်ငံ မြောက်ပိုင်း တီယန်ကျင်းမြို့ တစ်နေရာရှိ ကားလမ်းများပေါ်၌ မြေပြင်အက်ကွဲကြောင်းများ ပေါ်ထွက်လာခဲ့ရာ ယင်းကားလမ်းများအနီးရှိ အထပ်မြင့် အဆောက်အအုံများမှ လူပေါင်း ၁၀၀၀ ကျော်ကို တာဝန်ရှိသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြေလွှာ အက်ကြောင်းများ ပေါ်ထွက်လာရာ လမ်းများအနီးရှိ အနည်းဆုံး အထပ် ၂၅ ထပ်ပါ အထပ်မြင့်အဆောက်အအုံ သုံးလုံးတို့၌ နေထိုင်သူ ၁၈၉၉ ဦးတို့ကို အနီးအနားရှိ ဟိုတယ်များသို့ ရွှေ့ပြောင်းပေးထားရကြောင်း တရုတ်အစိုးရအာဘော် ဂလိုဘယ်လ်တိုင်းမ်သတင်းစာ၏ အဆိုအရ သိရသည်။

တီယန်ကျင်းမြို့ လူနေရပ်ကွက်တစ်ခုအနီး ကားလမ်းများပေါ်၌ ပေါ်ထွက်လာသည့် အက်ကြောင်းများသည် မြေအောက်အနက် မီတာ ၁၃၀၀ တွင် ရှိတတ်သည့် မြေအောက်တွင်း ဂလိုင်များ လှုပ်ရှားမှုများနှင့် သက်ဆိုင်နေဖွယ်ရှိကြောင်း တရုတ်ဘူမိဗေဒပညာရှင်များက သုံးသပ်ထားသည်။

သို့သော် အဆိုပါအက်ကြောင်းများထွက်ပေါ်လာမှုသည် ဘူမိအပူစွမ်းအင် ထုတ်ယူမှုများနှင့်လည်း သက်ဆိုင်နေနိုင်ကြောင်း တီယန်ကျင်းမြို့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်း မြေလွှာအက်ကြောင်းများကြောင့် အနီးအနားရှိ အထပ်မြင့် လူနေအဆောက်အအုံများအပေါ် အကျိုးသက်ရောက်မှု အတိုင်းအဆ အမျိုးမျိုးရှိလာနိုင်သည်။

လက်ရှိအချိန်တွင် တီယန်ကျင်းမြို့ရှိ မြေလွှာအက်ကြောင်းများ ပေါ်ထွက်လာမှုပုံစံသည် အလွန်ရှားပါးသည့် ပုံစံမျိုးဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားကြောင်း သိရသည်။ KKO

# အသိဉာဏ်တုနည်းပညာဆိုင်ရာ ဥပဒေကြမ်းနှစ်ရပ် အမေရိကန်အထက်လွှတ်တော်အမတ်များ အဆိုပြု

**ဝါရှင်တန် ဇွန် ၉**

အသိဉာဏ်တုနည်းပညာဆိုင်ရာ ဥပဒေကြမ်းနှစ်ရပ်ကို အမေရိကန် အထက်လွှတ်တော် အမတ်များက ဇွန် ၈ ရက်တွင် အဆိုပြုတင်သွင်းထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသိဉာဏ်တုနည်းပညာ(AI)ကြောင့် ပေါ်ထွက်လာနိုင်ခြေရှိမည့် ပြဿနာများနှင့်ပတ်သက်၍ စိတ်ဝင်စားမှုများ မြင့်တက်နေချိန်တွင် အမေရိကန် အထက်လွှတ်တော် အမတ်များက အသိဉာဏ်တုနည်းပညာဆိုင်ရာ ဥပဒေကြမ်းများကို အဆိုပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းနှစ်ရပ်အနက် တစ်ရပ်တွင် အများပြည်သူများနှင့် ထိတွေ့ဆက်ဆံရေးအတွက် အသိဉာဏ်တုနည်းပညာအား အသုံးပြုချိန်တွင် ပွင့်လင်းမြင်သာမှုရှိရန် အမေရိကန်အစိုးရကို တောင်းဆိုထားသည်။

ကျန်ဥပဒေကြမ်း တစ်ခုတွင်မူ အမေရိကန်နိုင်ငံအနေဖြင့် အသိဉာဏ်တု နည်းပညာပြိုင်ပွဲအတွင်း ဆက်ကျန်နေသေးခြင်း ရှိ၊ မရှိ စိစစ်ဆုံးဖြတ်ရေးအတွက် ဌာနတစ်ခုဖွဲ့စည်းရန် တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းနှစ်ရပ်ကို အမေရိကန် အထက်လွှတ်တော်ရှိ ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ် အမတ်များ ပူးပေါင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

အသိဉာဏ်တုနည်းပညာအသုံးချမှုနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ကြိုတင်ထိန်းချုပ်နိုင်စွမ်းနှင့် ပွင့်လင်းမြင်သာမှုတို့ရှိရန် အမေရိကန်အထက်လွှတ်တော် အမတ်များက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# နယူးဒေလီ ဂျီ-၂၀ ထိပ်သီးညီလာခံတက်ရောက်ရေး ယူကရိန်းကို ဖိတ်ကြားရန် အစီအစဉ်မရှိကြောင်း အိန္ဒိယနိုင်ငံ ပြောကြား

**ဒေလီ ဇွန် ၉**

ယခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တက်ရောက်ရေးအတွက် ယူကရိန်းနိုင်ငံကို ဖိတ်ကြားရန် အိန္ဒိယအစိုးရအနေဖြင့် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်ဟု အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီ-၂၀ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် ယူကရိန်းကို ဖိတ်ကြားရန် အစီအစဉ်မရှိကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက ဇွန် ၈ ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် အတည်ပြုပြောကြားခဲ့သည်။

ယခုနှစ် ဂျီ-၂၀ အုပ်စု အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အိန္ဒိယနိုင်ငံသည် လက်ရှိဖြစ်ပွားနေဆဲ ယူကရိန်းစစ်ရေး ပဋိပက္ခအတွက် ရုရှားနိုင်ငံကို ဝေဖန်ရှုတ်ချခြင်းမရှိခဲ့ဘဲ ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် သံတမန်ရေးနှင့် ဆွေးနွေးပွဲလမ်းစဉ် ကျင့်သုံးရန် ကြိုးစားနေသော နိုင်ငံဖြစ်ပြီး ယခုနှစ် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲများကို လာမည့် စက်တင်ဘာလအတွင်း နယူးဒေလီမြို့၌ ကျင်းပရန် အိန္ဒိယအစိုးရက စီစဉ်ထားသည်။

ပြီးခဲ့သည့်နှစ်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင်မူ ဆွေးနွေးပွဲတက်ရောက်ရေးအတွက် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံက ယူကရိန်းနိုင်ငံကို ဖိတ်ကြားခဲ့ဖူးသည်။



နယူးဒေလီ ဂျီ-၂၀ အုပ်စု ထိပ်သီးညီလာခံတွင် ဂျီ-၂၀ ခေါင်းဆောင်များအနေဖြင့် ယူကရိန်းပြဿနာ၊ ကမ္ဘာ့စားနပ်ရိက္ခာပြဿနာနှင့် လောင်စာဆီဖြည့်ဆည်းမှုဆိုင်ရာ ပြဿနာများကို အဓိကထားဆွေးနွေးကြဖွယ်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ULA က ဗော်လ်ကန်စင်တော်ဒုံးပျံ၏ ပင်မဒုံးအင်ဂျင်များကို ဇွန် ၇ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာစမ်းသပ်ခဲ့




**ဝါရှင်တန် ဇွန် ၉**

အမေရိကန်နိုင်ငံအခြေစိုက် United Launch Alliance (ULA) သည် ဗော်လ်ကန် စင်တော်ဒုံးပျံ၏ ပင်မဒုံးအင်ဂျင်များကို ဇွန် ၇ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ULA ကုမ္ပဏီ အင်ဂျင်နီယာများသည် ဗော်လ်ကန်စင်တော်ဒုံးပျံ၏ ဘီအီး-၄ အမျိုးအစား ပင်မဒုံးအင်ဂျင် နှစ်လုံးကို ခြောက်စက္ကန့်ကြာ စက်နှိုးစမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုအတွင်း ဘီအီး-၄ ပင်မဒုံးအင်ဂျင်နှစ်လုံးသည် တွန်းပင့်အား ပေါင်ချိန်တစ်သန်းခန့်ထိ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ULA ကုမ္ပဏီကျွမ်းကျင်သူများသည် ဒုံးအင်ဂျင်စမ်းသပ်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဗော်လ်ကန်စင်တော်ဒုံးပျံကို ကိပ်ကာနေဗာရယ်လ်အာကာသစခန်းရှိ ပစ်စင်ဆီသို့ ဇွန် ၆ ရက်ကပင် ရွှေ့ပြောင်းတပ်ဆင်ခဲ့ကြောင်း သိရသည်။

ဒုံးအင်ဂျင်စမ်းသပ်မှု အောင်မြင်ခဲ့ခြင်းကြောင့် ULA ကုမ္ပဏီအနေဖြင့် ဗော်လ်ကန်စင်တော်ဒုံးပျံကို ယခုနှစ် နှစ်ကုန်တွင် ပထမဆုံးအကြိမ် စမ်းသပ်ပစ်လွှတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ကိုယ်ထည်အလျား ၂၂ ပေရှိသော ဗော်လ်ကန်စင်တော်ဒုံးပျံသည် လက်ရှိသုံးစွဲနေသော အက်သလပ်စ်-၅ နှင့် ဒယ်လ်တာ-၄ ဒုံးပျံများနေရာတွင် အစားထိုးသုံးစွဲရန် ULA ကုမ္ပဏီက ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးပျံသစ်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## Nivolumab ဆေးက လင်ဖိုမားကင်ဆာရောဂါ ကုသရာတွင် ဘေးကင်းလုံခြုံမှုနှင့်ထိရောက်မှုပိုရှိ

**နယူးယောက် ဇွန် ၉**

Nivolumab (Opdivo) အမည်ရှိ ခုခံအားစနစ် ဆေးတစ်မျိုးသည် Hodgkin Lymphoma ခေါ် လင်ဖိုမားကင်ဆာရောဂါတစ်မျိုးကို ကုသရာတွင် ဘေးကင်းလုံခြုံမှုနှင့်ထိရောက်မှုတို့ ပိုရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာချက်အရ Opdivo ဆေးများသည် Hodgkin Lymphoma ကင်ဆာရောဂါကို ကုသရာတွင် Brentuxmub Vedotin (Adcetris) ဆေးထက် ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုပိုရှိကြောင်း သိရသည်။

ထို့ပြင် Hodgkin Lymphoma ကင်ဆာကိုကုသရာတွင် Opdivo သည် Brentuximub Vedotin ထက်လည်း ဘေးထွက်ဆိုးကျိုးပိုနည်းသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသော ရလဒ်များအရ Opdivo သည် Hodgkin Lymphoma ကင်ဆာရောဂါအတွက် စံမီကုထုံးတစ်ရပ်ဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ တွေ့ရှိချက်အရ Opdivo ဆေးသုံးစွဲသူလူနာများသည် ရောဂါတိုးခြင်းမရှိဘဲ အသက်ရှင်သန်နိုင်ချိန်မှာ ၉၄ ရာခိုင်နှုန်းထိ မြင့်မားလာနိုင်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက Brentuximab Vedotin ဆေးသုံးစွဲသူလူနာများတွင်မူ ရောဂါမတိုးဘဲအသက်ရှင်သန်နိုင်ခြေ ၈၆ ရာခိုင်နှုန်းမြင့်တက်လာတတ်ကြောင်း သိရသည်။

KKO


## ဆီဒါတောင်ကုန်းကျောက်လွှာနယ်မြေ၌ ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇွန် ၉**

အမေရိကန်နိုင်ငံ ယူတားပြည်နယ် ဆီဒါတောင်ကုန်းကျောက်လွှာနယ်မြေ၌ ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၉၉ သန်းခန့်ကာလ ခရီတေးစီးယပ်စ်ဘူမိခေတ်လယ်အတွင်း ရှင်သန်ခဲ့သည့် အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကို Iani Smithi ဟူ၍ အမေရိကန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Iani Smithi ဒိုင်နိုဆောများသည် ခရီတေးစီးယပ်စ်ဘူမိခေတ်လယ်ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် လျင်မြန်သောဆင့်ကဲဖြစ်စဉ်အတွင်း ရှင်သန်ခဲ့သောသက်ရှိများဖြစ်ကြကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။



ခရီတေးစီးယပ်စ်ဘူမိခေတ်လယ်အတွင်း တစ်ကမ္ဘာလုံး၌ ပျမ်းမျှအပူချိန်နှင့် ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာခဲ့ရာ ဒိုင်နိုဆောမျိုးစိတ်များကြား အစာနှင့်နယ်မြေလုပွဲများ အကြီးအကျယ်ဖြစ်ပွားခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရသိရသည်။

Iani Smithi ဒိုင်နိုဆောများသည်လည်း အာရှမှမြောက်အမေရိကသို့ဝင်ရောက်လာသော အမွေးအတောင်ပါ တိုင်ရန်နိုဆောရပ်စ်ဒိုင်နိုဆောများ၊ ဘဲနှုတ်သီးဒိုင်နိုဆောများနှင့် အစာလုပွဲ၊ နယ်မြေလုပွဲများ ဆင်နွှဲခဲ့ရသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Iani Smithi ဒိုင်နိုဆောများ၏ အထင်ရှားဆုံး လက္ခဏာမှာပုံမှန်မဟုတ်ဘဲ မာကျောသန်မာသည့်မေးရိုးများဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## ကင်ဆာဆဲလ်ပျံ့နှံ့မှုနှင့် ရောဂါပြန်ပေါ်လာမှု တားဆီးရေးအတွက် ယောဂကျင့်စဉ်ကို ကျင့်သင့်

**နယူးယောက် ဇွန် ၉**

ကင်ဆာရောဂါလူနာများအနေဖြင့် ကင်ဆာဆဲလ်များပျံ့နှံ့မှုနှင့် ရောဂါတစ်ကျော့ပြန်ပေါ်လာမှုကို တားဆီးရေးတို့အတွက် ယောဂကျင့်စဉ်ကိုကျင့်သင့်ကြောင်း The Daily Mail သတင်းစာက ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ကင်ဆာရောဂါလူနာများအနေဖြင့် သီတင်းပတ်တစ်ပတ်လျှင် နှစ်ကြိမ် ယောဂကျင့်ပါက ရောင်ရမ်းမှုများ သိသိသာသာကျဆင်းသွားနိုင်ကြောင်း အမေရိကန်နိုင်ငံ ရှိချက်စတာတက္ကသိုလ်မှသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ရောင်ရမ်းမှုပြဿနာသည် ကင်ဆာဆဲလ်များဖွံ့ဖြိုးမှုကို အားပေးလှုံ့ဆော်တတ်သည့် ခုခံအားစနစ်ပြဿနာတစ်မျိုးဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယောဂကျင့်စဉ်လေ့ကျင့်မှုဖြင့် ကင်ဆာလူနာများ၏ ရောင်ရမ်းမှုပြဿနာကို သိသိသာသာ လျှော့ချနိုင်ကြောင်း သိရသည်။

ရောင်ရမ်းမှုပြဿနာလျှော့ချနိုင်ခြင်းဖြင့် ကင်ဆာဆဲလ်များပျံ့နှံ့မှု သို့မဟုတ် ရောဂါတစ်ကျော့ ပြန်ပေါ်လာနိုင်မှုတို့ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဆေးပညာရှင်များအနေဖြင့် ၎င်းတို့၏ကင်ဆာလူနာများကို သီတင်းပတ် တစ်ပတ်လျှင် နှစ်ကြိမ် ယောဂကျင့်ရေးအတွက် အကြံပြုသင့်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO



## တရုတ်နိုင်ငံက လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံဖြင့် ဂြိုဟ်တု ၂၆ စင်းကို ဇွန် ၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့

**ပေကျင်း ဇွန် ၉**

တရုတ်နိုင်ငံသည် လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံဖြင့် ဂြိုဟ်တု ၂၆ စင်းကို ဇွန် ၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂိုဘီ သဲကန္တာရဒေသရှိ ချိကွမ် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီမှာပင် လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံသည် သယ်ဆောင်ထားသည့် နည်းပညာစမ်းသပ်ဂြိုဟ်တု ၂၆ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇွန် ၇ ရက်မစ်ရှင်သည် လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံများ၏ ဒုတိယမြောက် မစ်ရှင်ဖြစ်သည်။

လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံသည် တရုတ်သိပ္ပံအကယ်ဒမီ၏ အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် CAS Space ကုမ္ပဏီက တည်ဆောက်ထားသော ဒုံးပျံဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လီကျိယန်-၁ ဝိုင် ၂ ဒုံးပျံကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ပထမဆုံးအကြိမ်စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ဝက်စ်ဟမ်းအသင်းက တောင်ပံကစားသမား ဟာဝေးဘန်းကိုခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် ဇွန် ၉**

ယူရိုပါကွန်ဖရင့်လိဂ် ချန်ပီယံဆုဖလားရရှိခဲ့ပြီးနောက် လာမည့်နှစ်တွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သည့် ဝက်စ်ဟမ်းအသင်းသည် အသင်းတိုက်စစ်ပိုင်းကို ထပ်မံမြှင့်တင်ရန်အတွက် လက်စတာအသင်းမှ တောင်ပံတိုက်စစ်မှူး ဟာဝေးဘန်းကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း The Telegraph သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို အသင်းမှထွက်ခွာခွင့်ပြုထားပြီး ၎င်းကိုရောင်းချရာမှ ရရှိလာသည့်ငွေကြေးဖြင့် ကစားသမားသစ်များ ထပ်မံဖြည့်တင်းရန် စီစဉ်လျက်ရှိရာ ဟာဝေးဘန်းကို ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ကမ်းလှမ်းခဲ့ရာ လက်စတာအသင်းက စတာလင်ပေါင်သန်း ၄၀ ဝန်းကျင်ထိ အလိုရှိနေကြောင်း သိရသည်။

တောင်ပံကစားသမား ဟာဝေးဘန်းသည် ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လက်စတာအသင်းနှင့်အတူ ၃၄ ပွဲထိပါဝင်ခဲ့ပြီး သွင်းဂိုး ၁၃ ဂိုးထိသွင်းယူခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် စပါးအသင်း၊ နယူးကာဆယ်အသင်းတို့ကခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း နည်းပြဒေးဗစ်မိုယက်စ်က ၎င်း၏ ကစားကွက်နှင့်ကိုက်ညီသည့် ဟာဝေးဘန်းကို လက်ဦးမှုရရှိရန်ကြိုးပမ်းခဲ့ကာ သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိသည်။

အသက် ၂၅ နှစ်ရှိ ဟာဝေးဘန်းသည် လက်စတာအသင်းနှင့် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်းအသင်းအနေဖြင့် ချန်ပီယံရှစ်ကလပ်သို့ တန်းဆင်းခဲ့ရသောကြောင့် ပရီးမီးယားလိဂ်တွင် ဆက်လက်ကစားလိုသည့် ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေပြီး ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရန် သေချာနေကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းက ရီးရဲလ်မက်ဒရစ်အသင်း ကစားသမား ဗယ်ဗာဒီကို အပိုဆုကြေး သန်း ၂၀ အပါအဝင် ယူရိုသန်း ၁၂၀ ဖြင့်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- Goal.com ကထုတ်ပြန်ခဲ့သည့် ချန်ပီယံလိဂ်အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင် မန်စီးတီးအသင်းမှ ကစားသမား ငါးဦးနှင့် အင်တာမီလန်အသင်းမှ ကစားသမား သုံးဦးထိ ပါဝင်ခဲ့ကြောင်း သိရသည်။
- ဒေါ့မွန်အသင်းက အေဂျက်အသင်း ကွင်းလယ်ကစားသမား အက်ဆန်အယ်ဗာရက်ဇ်ကိုခေါ်ယူရန် ထပ်မံကြိုးပမ်းနေပြီး သဘောတူညီမှုရရှိရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ML

# ယူရို-၂၀ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်တွင် အီတလီအသင်းနှင့် ဥရုဂွေးအသင်းတို့ ထိပ်တိုက်တွေ့ဆုံ





**ဗျူနိုဗ်အေရိစ် ဇွန် ၉**

အာဂျင်တီးနားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်နေသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီအသင်းက တောင်ကိုရီးယားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် လည်းကောင်း၊ ဥရုဂွေးအသင်းက အစ္စရေးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲစဉ်တွင် အီတလီနှင့်ဥရုဂွေးအသင်းတို့ တွေ့ဆုံခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အီတလီအသင်းသည် အုပ်စုအဆင့်တွင် ဘရာဇီး၊ နိုင်ဂျီးရီးယား၊ ဒိုမီနီကန်အသင်းတို့နှင့်ကစားခဲ့ရပြီး နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ ရှုံးထွက်အဆင့်တွင် အင်္ဂလန်အသင်းကို နှစ်ဂိုးတစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်တွင် ကိုလံဘီယာအသင်းကို သုံးဂိုးတစ်ဂိုး၊ ယခုပွဲစဉ်တွင် တောင်ကိုရီးယားအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ထို့အတူ ဥရုဂွေးအသင်းအနေဖြင့် အုပ်စုအဆင့်တွင် အင်္ဂလန်၊ တူနီးရှား၊ အီရတ်အသင်းတို့နှင့်တွေ့ဆုံခဲ့ပြီး အင်္ဂလန်အသင်းကိုသာ ရှုံးနိမ့်ခဲ့ကာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သကဲ့သို့ ရှုံးထွက်အဆင့်တွင် ဂမ်ဘီယာအသင်းကို တစ်ဂိုးဂိုးမရှိ၊ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်အသင်းကို နှစ်ဂိုးဂိုးမရှိ၊ ယခုပွဲစဉ်တွင် အစ္စရေးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ပြီး အီတလီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။

ယူ-၂၀ ကမ္ဘာ့ဖလား တတိယလုပွဲစဉ်နှင့်ဗိုလ်လုပွဲစဉ်ကို လာမည့် ဇွန် ၁၂ ရက်တွင်ကျင်းပမည်ဖြစ်ပြီး တတိယလုပွဲကို ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို ဒေသစံတော်ချိန် ည ၆ နာရီတွင်လည်းကောင်း အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့ရှိ လာပလာတာကစားကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ML

# နယူးကာဆယ်အသင်းကခေါ်ယူမည့် တီယာနေးအတွက် စတာလင်ပေါင် သန်း ၃၀ ကျော်အလိုရှိကြောင်း အာဆင်နယ်ထုတ်ပြန်

**လန်ဒန် ဇွန် ၉**

လာမည့်နွေရာသီတွင် အာဆင်နယ်အသင်းမှထွက်ခွာမည့် ခံစစ်ကစားသမားတီယာနေးကို နယူးကာဆယ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသောကြောင့် ကစားသမားအတွက် စတာလင်ပေါင်သန်း ၃၀ ကျော် အလိုရှိကြောင်း အာဆင်နယ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်ဟု Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား တီယာနေးသည် အသင်းသို့ ဇီချန်ကိုရောက်ရှိပြီးနောက်ပိုင်း ဒုတိယဦးစားပေးကစားသမားအဖြစ်သာ ပါဝင်နေရပြီး ဇီချန်ကို ဒဏ်ရာရရှိချိန်တွင်လည်း နည်းပြအာတီတာက လူငယ်ကစားသမား ကီဝီရောကိုသာအသုံးပြုခဲ့သဖြင့် ပွဲကစားချိန်လျော့နည်းလာသောကြောင့် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန်တောင်းဆိုခဲ့ပြီး နယူးကာဆယ်အသင်းက ခေါ်ယူရန် ကြိုးပမ်းလာချိန်တွင် ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ပြောင်းရွှေ့ကြေးအတွက် စတာလင်ပေါင်သန်း ၃၀ ကျော်အလိုရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ခံစစ်ကစားသမား တီယာနေးကို နယူးကာဆယ်အသင်းနှင့်အပြိုင် အေဗီလာအသင်းက ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ကစားသမားအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် နယူးကာဆယ်အသင်းသို့သာပြောင်းရွှေ့ရန်စိတ်ဝင်စားနေပြီး နည်းပြဟိုဝီကလည်း ဘယ်တောင်ပံခံစစ်ပိုင်း အားနည်းချက်ကိုဖြည့်ဆည်းရန် တီယာနေးကို ခေါ်ယူရန်ပစ်မှတ်ထားခဲ့သည်။

အသက် ၂၆ နှစ်ရှိ တီယာနေးသည် ၂၀၁၉ ခုနှစ်က ဆဲလ်တစ်အသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ဦးစားပေးကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ရာ ပြိုင်ပွဲစုံ ၁၂၃ ပွဲတွင် သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလက အသင်းသို့ခံစစ်ကစားသမား ဇီချန်ကိုရောက်ရှိလာချိန်တွင် ၎င်းအနေဖြင့် ပရီးမီးယားလိဂ်တွင် ခြောက်ပွဲသာ ပွဲထွက်ကစားသမားအဖြစ်ပါဝင်ခွင့်ရခဲ့ပြီး ပွဲကစားချိန်လျော့နည်းလာသောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)နောက်ဆုံးပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် ဇွန် ၉**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးတိုက်စစ်ဖွင့်ပြီး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန်ခြောက်မိနစ်တွင် အောင်မြတ်သူက ဟံသာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၄၈ မိနစ်တွင် စွမ်းထက်က ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၅၄ မိနစ်တွင် မိုးဆွေကလည်းကောင်း၊ ပွဲချိန် ၈၇ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သက်ဟိန်းစိုးက လည်းကောင်း ရတနာပုံအက်ဖ်စီ အသင်းအတွက်ဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဟံသာဝတီယူနိုက်တက်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။




STA

# MFF Futsal League ပြိုင်ပွဲတွင် MIU အသင်းကို အနိုင်ရရှိခဲ့ပြီး VUC အသင်း နှစ်နှစ်ဆက်ချန်ပီယံဆုဆွတ်ခူး




**ရန်ကုန် ဇွန် ၉**

MFF Futsal League ပြိုင်ပွဲ Champion Play-off Grand Final ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ ဖူဆယ်အားကစားရုံတွင် VUC အသင်းနှင့် MIC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC အသင်းက အနိုင်ရရှိခဲ့ပြီး နှစ်နှစ်ဆက် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ရာသီတွင် အသစ်ပြောင်းလဲခဲ့သည့်စည်းမျဉ်းသစ်အရ အဆင့်(၁)နှင့် (၂)နေရာတွင် ရပ်တည်နေသည့် VUC အသင်းနှင့် MIU အသင်းတို့သည် ရမှတ်တူညီနေသောကြောင့် ချန်ပီယံဆုအတွက် Play-off ပွဲကစားခဲ့ရပြီး ပထမပွဲစဉ်တွင် MIU အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် VUC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည့်အတွက် နောက်ဆုံး Grand Final ပွဲစဉ် ကစားခဲ့ရခြင်းဖြစ်သည်။

Grand Final ပွဲစဉ်တွင် VUC အသင်းက တိုတာနှင့် ဝေဇင်ဦးတို့၏သွင်းဂိုးများဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် MIU အသင်းကိုအနိုင်ရရှိခဲ့သည့်အတွက် MFF Futsal League ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Grand Final ပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပခဲ့ရာ ပြိုင်ပွဲအသန့်ရှင်းဆုံးဆုရ Winner Soccer အသင်းကို ဦးစိုးမိုးကျော်ကလည်းကောင်း၊ ပြိုင်ပွဲအကောင်းဆုံး ကစားသမားဆုရ VUC အသင်းမှ ဝေဇင်ဦး၊ ဂိုးသမားအကောင်းဆုံး ဆုရ MIU အသင်းမှ ညီညီသန့်တို့ကို ဒေါက်တာရဲမွန်ထွဋ်ကလည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ STA

# ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ အကောင်းဆုံး ကစားသမားဆုကို ဒီကလန်ရိုက် ရရှိ

**လန်ဒန် ဇွန် ၉**

ယခုနှစ်ဘောလုံးရာသီ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုကို ဝက်စ်ဟမ်းအသင်းမှ အသင်းခေါင်းဆောင် ဒီကလန်ရိုက်က ရရှိခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဒီကလန်ရိုက်သည် ယခုနှစ်ဘောလုံးရာသီ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ဝက်စ်ဟမ်းအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းခေါင်းဆောင်အဖြစ် အသင်းကို ဦးဆောင်ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဥရောပဆုဖလားကိုဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ဒီကလန်ရိုက်သည် ဝက်စ်ဟမ်းအသင်းကို ချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ထိပ်တန်းအဆင့် ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် အသင်းဖော်များနှင့် ဖီအိုရင်တီးနားအသင်းမှ ကွင်းလယ်ကစားသမား အမ်မရာဘတ်ကို ကျော်ဖြတ်ပြီး အကောင်းဆုံးကစားသမားဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ နေရာလိုက်အကောင်းဆုံး ကစားသမား ၁၁ ဦးစာရင်းတွင်လည်း ဝက်စ်ဟမ်းအသင်းမှ ဂိုးသမား အာရီအိုလာနှင့်အတူ အဂူရို၊ ဒီကလန်ရိုက်၊ ပါကွီတာ၊ အိုတိုနီယိုနှင့်ဘိုဝင် စသည့်ကစားသမားခြောက်ဦးထိ ပါဝင်လာခဲ့ပြီး ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ လူငယ်အကောင်းဆုံး ကစားသမားဆုကို ဘေဆယ်အသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့် လူငယ်ကစားသမား ဒီယော့ခ်ကရရှိခဲ့ကြောင်း သိရသည်။

STA

# RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကော်ရေးကွန်နာအပါအဝင် ပြိုင်ပွဲဝင်လေးဦးက အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်




**အုတ်ဒယ် ဇွန် ၉**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် အုတ်ဒယ်မြို့တွင်ကျင်းပနေသည့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ကနေဒါဂေါက်သီးရိုက်ကစားသမားကော်ရေးကွန်နာ၊ အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဂျက်စတင်လိုဝါ၊ ချက်ဆင်ဟက်လေနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား အာရွန်ရိုင်တို့က သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Valley News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကော်ရေးကွန်နာ အနေဖြင့်လည်း နှစ်ပေါင်း ၇၀ အတွင်း ချန်ပီယံဆုကို ပထမဦးဆုံးဆွတ်ခူးနိုင်သည့် ကနေဒါဂေါက်သီးရိုက်ကစားသမားဖြစ်ခွင့်ရရေးအတွက် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

အလားတူ ကနေဒါဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်သူ မက်ကင်ဇီသည်လည်း ကနေဒါဂေါက်သီးရိုက်လောက၏ မှတ်တမ်းဆိုးကို ချေဖျက်နိုင်ရေးအတွက် ကြိုးစားမည်ဟု ပွဲမတိုင်မီကတည်းက ထုတ်ဖော်ပြောကြားထားသည့်အတွက် ကနေဒါဂေါက်သီးရိုက်ကစားသမားများအနေဖြင့် RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ပိုမိုအာရုံစိုက်လာဖွယ်ရှိသည်။

မက်ကင်ဇီက "ကျွန်တော့်အနေနဲ့ ပြိုင်ပွဲမတိုင်မီက ပြောထားတဲ့အတိုင်း ဒီပြိုင်ပွဲဟာ ကနေဒါဂေါက်သီးရိုက် လောကအတွက် အရမ်းကို အရေးပါတဲ့ပြိုင်ပွဲဖြစ်ပါတယ်။ ပထမနေ့မှာ ကျွန်တော့်အနေနဲ့ အကောင်းဆုံးရလဒ်ရယူနိုင်ခဲ့တာမရှိပေမဲ့လဲ စိတ်ကျေနပ်စရာကောင်းတဲ့ရလဒ်မျိုးတော့ရယူနိုင်ခဲ့ပါတယ်။ ပထမနေ့အပြီးမှာ ရခဲ့တဲ့ ရလဒ်နဲ့အမှတ်ပေးဇယားမှာ ရပ်တည်နိုင်ခဲ့တဲ့ အခြေအနေပေါ်မှာ စိတ်ကျေနပ်မှုရှိခဲ့ပါတယ်။ ကွန်နာအနေနဲ့လဲ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်တဲ့ ရလဒ်မျိုး စွမ်းဆောင်ထားနိုင်တဲ့အတွက်ကြောင့် သူ့အတွက်လဲ ဝမ်းသာဂုဏ်ယူပါတယ်။ နောက်ဆုံးနေ့ထိ ကျွန်တော်တို့အကောင်းဆုံး ကြိုးစားကစားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ် တက်ရောက်

**ပဲရစ် ဇွန် ၉**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေပြီး လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်ယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က(၆-၂ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့တက်ရောက်ခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ် အနေဖြင့် လက်ရှိချန်ပီယံကို ကာကွယ်နိုင်ကြောင်း အကောင်းဆုံးသက်သေပြနိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် ချက်တင်းနစ်မယ် မူချိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မူချိုဗာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး မူချိုဗာက (၇-၆ ၊ ၆-၇ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကမ္ဘာ့အဆင့်(၄၃) နေရာတွင် ရပ်တည်နေသည့် မူချိုဗာနှင့် ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားရမည့် စဝီယာတက်ခ်အနေဖြင့် ချန်ပီယံဆုကို လေးနှစ်အတွင်း သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ရန်လည်း ရေပန်းစားလာခဲ့သည်။

စဝီယာတက်ခ်က "အခုလိုကာလရှည် ယှဉ်ပြိုင်ကစားရတဲ့ ပြိုင်ပွဲကြီးမျိုးမှာ ဗိုလ်လုပွဲစဉ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာကို ဝမ်းသာဂုဏ်ယူပါတယ်။ အဆင့်ဆင့် ဖြတ်ကျော်လာခဲ့ပြီးမှ ဗိုလ်လုပွဲစဉ်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာဖြစ်တဲ့အတွက်ကြောင့်လဲ အရမ်းပင်ပန်းပါတယ်။ ပင်ပန်းပေမဲ့လဲ ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ပင်ပန်းတာတွေကိုမေ့ပျောက်နိုင်တယ်။ လက်ရှိချန်ပီယံဆုကို ကာကွယ်သွားရမဲ့ပွဲစဉ်အတွက် စိတ်လှုပ်ရှားမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# မော်လ်ဒိုက်အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ ကွာတားဖိုင်နယ်အဆင့်မှထွက်ခွာခဲ့ရ

**ရန်ကုန် ဇွန် ၉**

မော်လ်ဒိုက်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့်မော်လ်ဒိုက်အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

မော်လ်ဒိုက်အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲတွင်သက်ထားသူဇာသည် ၆၄ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရပြီး ၆၄ ဦးရှုံးထွက်အဆင့်တွင် ယူအေအီးကြက်တောင်မယ် နာယိုနီကာရာဂျက်ကိုလည်းကောင်း၊ ၃၂ ဦးရှုံးထွက်အဆင့်တွင် အိမ်ရှင်မော်လ်ဒိုက်ကြက်တောင်မယ် အဗ္ဗဒဥ္စရာဇတ်ကို လည်းကောင်း၊ ၁၆ ဦးရှုံးထွက်အဆင့်တွင် အိန္ဒိယကြက်တောင်မယ် သီယာသိရ်ကို လည်းကောင်း လက်ရည်အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မော်လ်ဒိုက်အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် လက်ရှိကမ္ဘာ့အဆင့် (၅၇) နေရာတွင်ရပ်တည်နေသည့် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ကမ္ဘာ့အဆင့်(၄၆)နေရာတွင်ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် အက်ရှ်မီတာ ချလီဟာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ၌ ပထမပွဲစဉ်တွင် (၂၁-၁၁)၊ ဒုတိယပွဲစဉ်တွင် (၂၁-၁၆) မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ကွာတားဖိုင်နယ် အဆင့်နှင့်ပင် ကျေနပ်ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ဤကမ္ဘာမြေကြီး ကျန်းမာသက်ရှည်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့



ဇွန်လဆန်းကတည်းက မိုးစတင် ရွာသွန်းနေပြီဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းလန်းစိုပြည်လာပြီဖြစ်သည်။ အစာရေစာ ပေါများလာသဖြင့် ကျေးငှက်သာရကာများလည်း မြူးတူးပျော်ပါးနေကြသည်။ ကျေးလက်နေတောင်သူဦးကြီးများလည်း ထွန်ယက်စိုက်ပျိုးရင်းအလုပ်ရှုပ်နေကြသည်။ ဈေးသည်များမှာလည်း ရောင်းရေးဝယ်တာလုပ်ငန်းများဖြင့် အဆင်ပြေနေကြသည်။ စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံတွင် မိုးရာသီရောက်လျှင် ကျေးလက်နေပြည်သူများသည် အလုပ်နှင့်လက် ဇယ်စက်လျက်ရှိသည်။ မိုးရာသီရောက်ရှိပြီဆိုလျှင် နိုင်ငံသူနိုင်ငံသားတိုင်း မပျက်မကွက်လုပ်ဆောင်သင့်သည့်တာဝန်တစ်ရပ်ရှိသည်။ ထိုအရာကား အခြားမဟုတ်ပေ။ တတ်နိုင်သမျှ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်သည်။

**ထာဝရကုသိုလ်**

စင်စစ်အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည်ငွေကြေးကုန်ကျမှုသက်သာ၍ အကျိုးကျေးဇူးများစွာ ရရှိစေသည်။ သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းလာပြီဆိုလျှင် သက်ရှိလောကအားလုံးအကျိုးဖြစ်ထွန်းစေသည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများသည် ကျေးလက်နေပြည်သူများအတွက် အဲကွန်းထက်ပင် တန်ဖိုးကြီးမားလှသည်။ လူတစ်ဦးသည် သက်ရှင်နေထိုင်စဉ်ကာလအတွင်း ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး အလှူအတန်းများမပြုလုပ်နိုင်လျှင်တောင်မှ သစ်ပင်တစ်ပင်လောက်တော့ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခဲ့သင့်သည်။ အရိပ်ရပင်ဖြစ်စေ၊ စားပင်သီးပင်ဖြစ်စေ ရှင်သန်ဖြစ်ထွန်းမည်ဆိုလျှင် များစွာအကျိုးရှိသည်။ ထို့ကြောင့် သင့်အနေဖြင့် ထာဝရကုသိုလ်ယူသွားလိုပါလျှင် သစ်ပင်တစ်ပင်လောက်တော့ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားပါလို့ အကြံပြုလိုသည်။

**ရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးသင့်**

ဆိုရလျှင် မြန်မာနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် သစ်တောများ တဖြည်းဖြည်းပြုန်းတီးလျက်ရှိသည်။ ထိုသို့ပြုန်းတီးသွားသော သစ်တောများနေရာတွင် အစားထိုးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်စွမ်းမရှိလျှင် မဝေးတော့သည့်အနာဂတ်တွင် သဲကန္တာရများဖြစ်လာနိုင်ပေသည်။ ထို့ပြင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ သစ်တောများပြုန်းတီးလာမှုကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားနေကြရပြီဖြစ်သည်။ ထို့ကြောင့် နှစ်စဉ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရာ၌ တာဝန်ကျေစိုက်ပျိုးနေသည်ထက် စိတ်စေတနာဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားသင့်ပေသည်။

**အကျိုးကျေးဇူးများ**

သစ်ပင်များသည် သက်ရှိလောကကို အစဉ်အကျိုးပြုလျက်ရှိသည်။ သစ်တောများဖြင့် စိမ်းလန်းစိုပြည်နေသည့်နေရာသည် လေကောင်းလေသန့်ရရှိခြင်း၊ မိုးလေဝသမှန်ကန်ခြင်း၊ ရေဝေရေလဲစနစ်ထိန်းသိမ်းနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ဖြစ်ထွန်းအောင် ထိန်းသိမ်းနိုင်ခြင်း၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်း စသည့်အကျိုးကျေးဇူးများအပြင် အောက်ဖော်ပြပါအကျိုးကျေးဇူးများစွာကိုလည်း ရရှိစေနိုင်သည်။

**(၁) ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ခြင်း**

ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိလေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ရောနှောပါဝင်လျက်ရှိသည်။ သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူပြီး လေထုထဲသို့အောက်ဆီဂျင်ဓာတ်ငွေ့များ ထုတ်လွှတ်ပေးသည်။ နှစ်စဉ်အရွယ်ရောက်ပြီးသစ်ပင်စိုက်ခင်းတစ်ဧကသည် မိုင် ၂၆၀၀၀ လောက်မောင်းထားသည့်ကားများမှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုစုပ်ယူနိုင်သည်။ ထို့ကြောင့် သစ်ပင်များသည် ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်သည်။

**(၂) လေကိုသန့်စင်ပေးနိုင်ခြင်း**

သစ်ပင်များသည် နိုက်ထရိုဂျင်အောက်ဆိုက်၊ အမိုးနီးယား၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့် အိုဇုန်းအပါအဝင် ညစ်ညမ်းသောအခိုးအငွေ့များကို စုပ်ယူနိုင်သည့်အပြင် လေထုအတွင်းရှိ အမှုန်အမွှားများကိုလည်း သစ်ရွက်များနှင့်သစ်ခေါက်များမှစုပ်ယူထားပြီး လေကိုသန့်စင်ပေးနိုင်သည်။ သာဓကအနေဖြင့် တစ်နှစ်သားအရွယ် သစ်တောတစ်ဧကသည် လူ ၁၈ ဦးစာ အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လွှတ်ပေးနိုင်သည်။

**(၃) မြို့၊ ရွာများ အေးမြစေခြင်း**

သစ်တောပြုန်းတီးမှုများပြားလာသော မြို့၊ ရွာများတွင် လမ်းများနှင့် အဆောက်အအုံများသည် အပူပိုမိုစုပ်ယူလေ့ရှိသည်။ သစ်တောသစ်ပင် ထူထပ်သော မြို့၊ ရွာများတွင် အရိပ်အာဝါသကောင်းမွန်သဖြင့် လမ်းများနှင့် အဆောက်အအုံများကို အေးမြစေသည်။ အမှန်တော့ သစ်ရွက်များမှတစ်ဆင့် လေထုထဲသို့ ရေငွေ့များ ထုတ်ပေးသောကြောင့် သဘာဝပတ်ဝန်းကျင်ကို အေးမြစေသည်။

**(၄) စွမ်းအင်ထိန်းသိမ်းထားနိုင်ခြင်း**

သစ်ပင်များသည် နွေရာသီ၌ အပူချိန် ၅၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်။ မိသားစုများတွင် စွမ်းအင်လိုအပ်ချက်လျှော့ချနိုင်ခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ လျှော့ချနိုင်သည့်အပြင် စွမ်းအင်စက်ရုံများမှ လေထုညစ်ညမ်းမှုကိုလည်း လျှော့ချနိုင်သဖြင့် သစ်ပင်များက စွမ်းအင်ကုန်ကျမှုကို ထိန်းသိမ်းထားနိုင်သည်။

**(၅) ရေအရင်းအမြစ်ချွေတာနိုင်ခြင်း**

သစ်ပင်အရိပ်များသည် မြက်ခင်းပြင်များမှ ရေငွေ့ပြန်မှုကို များစွာထိန်းချုပ်ပေးနိုင်သည်။ အမှန်တော့သစ်ပင်များသည် သဘာဝပတ်ဝန်းကျင်စိုစွတ်အောင် ထိန်းသိမ်းပေးနိုင်သဖြင့် ရေအရင်းအမြစ်ကို များစွာချွေတာနိုင်သည်။

**(၆) ရေထုညစ်ညမ်းမှုကိုကာကွယ်ခြင်း**

သစ်ပင်များသည် ရွာသွန်းလာသော မိုးရေကို ကြားခံပေးခြင်းအားဖြင့် ရေထုညစ်ညမ်းမှုကိုကာကွယ်ပေးနိုင်သည်။ မိုးသက်မုန်တိုင်း တိုက်ခတ်မှုများကြောင့် ရွာသွန်းသောမိုးရေသည် သမုဒ္ဒရာအတွင်းသို့ ညစ်ညမ်းသောရေများအဖြစ် စီးဝင်စေနိုင်သော်လည်း သစ်ပင်အမြစ်များနှင့် အကိုင်းအခက်များသည် ညစ်ညမ်းသောရေများကို စစ်ပေးပြီးနောက် ရေအောက်ရေအဖြစ် သိုလှောင်ထားနိုင်သည်။

**(၇) မြေဆီလွှာတိုက်စားမှုကိုကာကွယ်ခြင်း**

တောင်ပေါ်ဒေသများတွင် မိုးသည်းထန်သည့်အချိန်၌ ရေတိုက်စားမှုများ ဖြစ်ပေါ်လေ့ရှိသည်။ သို့သော် သစ်ပင်များသည် ရေစီးဆင်းမှုနှေးကွေးစေပြီး မြေဆီလွှာကို ထိန်းချုပ်ထားနိုင်သည်။

**(၈) ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်ပေးခြင်း**

လက်ရှိအချိန်တွင် အရေပြားကင်ဆာသည် အဖြစ်များဆုံးရောဂါဖြစ်သည်။ သစ်ပင်များသည် ခရမ်းလွန်ရောင်ခြည်ကျရောက်မှုကို ၅၀ ရာခိုင်နှုန်းထိ ကာကွယ်နိုင်သည်။ အထူးသဖြင့် ကျောင်းအားကစားကွင်းများတွင် ဆော့ကစားနေသည့်ကလေးများအပေါ် ခရမ်းလွန်ရောင်ခြည် ကျရောက်မှုအန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။

**(၉) စားနပ်ရိက္ခာထောက်ပံ့ပေးခြင်း**

ရာသီအလိုက် စားပင်များ၊ နှစ်ရှည်စားသုံးပင်များသည် လူသားတို့ကို အရိပ်အာဝါသအပြင် စားနပ်ရိက္ခာကိုပါ ထောက်ပံ့ပေးနိုင်သည်။ အမှန်တော့ သစ်ပင်များသည် လူသားတို့အပြင် တိရစ္ဆာန်များကိုပါ စားနပ်ရိက္ခာ ထောက်ပံ့ပေးနိုင်သည်။

**(၁၀) အနာရောဂါသက်သာစေခြင်း**

မကျန်းမာသူများသည် ပြတင်းပေါက်မှနေ၍ စိမ်းလန်းစိုပြည်သောသစ်ပင်များကို ကြည့်ခြင်းအားဖြင့် ရောဂါသက်သာပျောက်ကင်းမှု မြန်ဆန်စေသည်။ သန့်ရှင်းလတ်ဆတ်သောလေကိုရှူရှိုက်ပြီး ပတ်ဝန်းကျင်နှင့် ထိတွေ့မှုရှိသောကလေးများသည် ပိုမိုကြံ့ခိုင်ကြသည်။ အမှန်တော့ သစ်ပင်များ၊ ပြင်ပလောကနှင့် ထိတွေ့မှုရှိသူများသည် စိတ်ပင်ပန်းနွမ်းနယ်မှုကို လျှော့ချစေနိုင်သည်။

**(၁၁) စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးခြင်း**

ကောက်ရိတ်သိမ်းသည့်ရာသီနှင့် အသီးအနှံများ ခူးဆွတ်သည့်အချိန်တို့တွင် ဝင်ငွေတိုးပွားလေ့ရှိသည်။ အစိမ်းရောင်စီမံခန့်ခွဲသည့် စီးပွားရေးလုပ်ငန်းများသည် မြို့ရွာများတွင် မြေဆီလွှာထိန်းသိမ်းနိုင်မှုနှင့် ရေအရင်းအမြစ်တို့ကို သိုလှောင်ထားသဖြင့် ငွေယိုပေါက်ကို တားဆီးနိုင်သည်။ အစိမ်းရောင်စီးပွားရေး လုပ်ငန်းများတွင် စိတ်ပါဝင်စားသည့် လူငယ်များကို အသက်မွေးဝမ်းကျောင်းပညာများ သင်တန်းပေးခြင်းဖြင့် သစ်ပင်များမှစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းကို ရရှိစေသည်။

**(၁၂) စည်းလုံးညီညွတ်မှုရရှိစေခြင်း**

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်များ ပြုလုပ်ခြင်းသည် မတူညီသော အသိုက်အဝန်းများကို ပူးပေါင်းပါဝင်မှု အခွင့်အလမ်းရရှိစေသည်။ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ အသက်အရွယ်ပေါင်းစုံ၊ ကျားမပေါင်းစုံသည် သစ်ပင်စိုက်ပျိုးမှုနှင့် ပြုစုစောင့်ရှောက်မှုလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**ဤကမ္ဘာမြေကြီး ကျန်းမာသက်ရှည်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့**

ထို့ပြင် သစ်ပင်များသည် နွေ၊ မိုး၊ ဆောင်း ရာသီဥတုပြောင်းလဲမှုကို သိရှိနိုင်ခြင်း၊ အိမ်ရာတည်ဆောက်ရေးနှင့်ပရိဘောဂပစ္စည်းများအတွက် သစ်များရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ခြင်း၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်ခြင်း စသည့်ကောင်းကျိုးများစွာကို ရရှိစေသည်။

ထို့ကြောင့် နှစ်စဉ် လူတိုင်းသစ်ပင်တစ်ပင်စီ ရှင်သန်ဖြစ်ထွန်းအောင်သာ စိုက်ပျိုးသွားမည်ဆိုလျှင် သက်ရှိလောကသည် သိသာထင်ရှားစွာတိုးတက်လာမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးမှုဖြစ်ထွန်းအောင်မြင်လျှင် ရေဝေရေလဲ ထိန်းသိမ်းထားနိုင်ခြင်း၊ လေထုသန့်ရှင်းလတ်ဆတ်လာခြင်း၊ အရိပ်အာဝါသများ ပြန်လည်ကောင်းမွန်လာခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်သဖြင့် နွေရာသီတွင်အေးမြမှုကို ရရှိစေခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကိုပါ လျှော့ချနိုင်ခြင်းတို့အပြင် သက်ရှိအားလုံးရှင်သန်နေထိုင်နိုင်ရေးအတွက် ဂေဟစနစ်ကိုပါ ထိန်းသိမ်းပေးနိုင်မည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် အနာဂတ်မျိုးဆက်များအတွက်လည်း များစွာသောအကျိုးတရားများကို ရရှိစေသည်။

အထူးသဖြင့် ယခုလို မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် ပြည်သူများကို စည်းရုံးသိမ်းသွင်းဆောင်ရွက်သွားသင့်သည်။ မည်သို့ပင်ဆိုစေ ဤကမ္ဘာမြေကြီး ကျန်းမာသက်ရှည်ဖို့ဆိုလျှင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

❖ သစ်ပင်များသည် နွေ၊ မိုး၊ ဆောင်း ရာသီဥတုပြောင်းလဲမှုကို သိရှိနိုင်ခြင်း၊ အိမ်ရာတည်ဆောက်ရေးနှင့် ပရိဘောဂပစ္စည်းများအတွက် သစ်များရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျှော့ချနိုင်ခြင်း၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းထားနိုင်ခြင်း စသည့်ကောင်းကျိုးများစွာကို ရရှိစေသည်။ ❖

# ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာရွှေမန်းသဘင်အစီအစဉ်ကို ဇွန် ၁၀ ရက်တွင် Skynet နှင့် Myanmar Arts ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်မည်




**ရန်ကုန် ဇွန် ၉**

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာရွှေမန်းသဘင်အစီအစဉ်ကို ဇွန် ၁၀ ရက်တွင် Skynet နှင့် Myanmar Arts ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါသဘင်မှ မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

သဘင်သက်တမ်း နှစ်ပေါင်း ၉၀ ကျော်ရှိခဲ့ပြီဖြစ်သည့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့ကြီး၏ အော်ပရာ၊ စင်တင်ပြဇာတ်၊ နှစ်ပါးခွင်အလှတို့ကို Skynet နှင့် Myanmar Arts ရုပ်သံလိုင်းတွင် အပတ်စဉ် စနေ၊ တနင်္ဂနွေနံနက် ၁၁ နာရီတွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အထူးသဖြင့် မင်းသားကြီး ဦးချမ်းသာ၏ထင်ရှားကျော်ကြားလူကြိုက်များသည့်အော်ပရာနှင့်ပြဇာတ်များကို ကြည့်ရှုရမည်ဖြစ်ကြောင်း သိရသည်။

“အလင်္ကာကျော်စွာ ဖေဖေ ရွှေမန်းဦးတင်မောင်ရဲ့ဇာတ်သဘင်အမွေကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းပြီး အနှစ်သာရပြည့်ဝလှတဲ့ မြန်မာ့ဇာတ်သဘင်အနုပညာကိုတင်ဆက်ကပြဖျော်ဖြေမဲ့ ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာရွှေမန်းသဘင် လာပါပြီ”ဟု မင်းသားကြီး ဦးချမ်းသာက ပြောပြသည်။

ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာရွှေမန်းသဘင်အစီအစဉ်တွင် ဇာတ်မင်းသားကြီး ဦးချမ်းသာကိုယ်တိုင်ရေးသား ဇာတ်ညွှန်းခွဲကာ ကိုယ်တိုင်ဒါရိုက်တာ သရုပ်ဆောင်အဖြစ် ကပြခဲ့သည့် ထင်ရှားအောင်မြင်သော စင်တင်ပြဇာတ်ပေါင်း ၉၀ ခန့်အနက်မှ လူကြိုက်အများဆုံး ပြဇာတ်များ၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ခေတ်မှသား ရွှေမန်းချမ်းသာခေတ်ထိ ထင်ရှားခဲ့သည့် နှစ်ပါးအကအလှများကိုလည်း ကပြဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် TTMC တွင် သရုပ်ဆောင်သင်တန်း ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ Top Talent Management Company-TTMC တွင် သရုပ်ဆောင်သင်တန်း အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

အဆိုပါသင်တန်းတွင် အနုပညာဝါသနာပါသည့် သင်တန်းသား၊ သင်တန်းသူဦးရေ ၁၀၀ ကို အွန်လိုင်းမှခေါ်ယူကာ အခမဲ့ပညာဒါနအဖြစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ကာ ဝါရင့်ဒါရိုက်တာများဖြစ်သည့် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်၊ ဒါရိုက်တာ ကိုဇော်(အရှက်ဦး)၊ ဒါရိုက်တာ ပိုင်၊ ဒါရိုက်တာဩရသ၊ ဒါရိုက်တာ ဝင်းလွင်ထက်တို့က သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

“ဒီသင်တန်းက သရုပ်ဆောင်သစ်တွေအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်တဲ့ အခမဲ့သင်တန်းဖြစ်လို့




သရုပ်ဆောင်ဝါသနာပါတဲ့ လူငယ်တွေအတွက် အကျိုးရှိမှာပါ။ အနုပညာအလုပ်ကို ဝါသနာပါတဲ့လူငယ်တွေလာပြီး ဆက်သွယ်လို့ရပါတယ်။ အနုပညာ ဝါသနာပါတဲ့သူတွေအတွက် လမ်းကြောင်းတစ်ခုပေါ်ကို ရောက်သွားနိုင်တဲ့အခွင့်အရေးတွေရပါမယ်”ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါသင်တန်းကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၇ ရက်ထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ သင်ကြားပေးသွားမည်ဖြစ်ကာ စိတ်ဝင်စားသူများအနေဖြင့် ဇွန် ၁၅ ရက်နောက်ဆုံးထားကာ အလှဓာတ်ပုံ နှစ်ပုံဖြင့် Top Talent Management Company- TTMC သို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မိုးကြိုးထိမှန်ခြင်းကြောင့် ထိခိုက်ခဲ့သည့် ပုထိုးဘုရားကို ပြုပြင်မှုများ ဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့်မိုးကြိုးထိမှန်ခြင်းကြောင့်ထိခိုက်မှုအနည်းငယ်ရှိခဲ့သည့် ပုထိုးဘုရားကို ပြုပြင်မှုများ ဆောင်ရွက်နေကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ)ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က ပြောပြ၍ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဇွန် ၆ ရက် ည ၉ နာရီ ၃၅ မိနစ်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရောဝတီမြစ်ရေပြင်သို့ မိုးကြိုးပစ်ခြင်းဖြစ်စဉ်များဖြစ်ပွားခဲ့သဖြင့် ရောဝတီမြစ်ကမ်းစပ်တွင် တည်ထားကိုးကွယ်သော ပုထိုးဘုရားအား မိုးကြိုးစက်ကွင်းများ ထိမှန်ခဲ့ကြောင်း သိရသည်။

“မိုးကြိုးပစ်တာက ရောဝတီမြစ်ပြင်ဘက်ကိုပစ်တာပဲ။ ပစ်ရင်းနဲ့ စက်ကွင်းကမလွတ်တဲ့အခါ ဘုရားမှာလဲ ထိခိုက်ပျက်စီးမှုဖြစ်သွားပါတယ်။ မိုးကြိုးစက်ကွင်းမမိအောင် မိုးကြိုးလွှဲတတ်ထားတာတော့ ရှိပါတယ်။ ဒါပေမဲ့ စက်ကွင်းမလွတ်ဘဲ ထိခိုက်မှုတွေရှိခဲ့ပါတယ်။ ပုထိုးဘုရား မိုးကြိုးစက်ကွင်း ထိမှန်ထိခိုက်မှုအခြေအနေကို စိစစ်ကြည့်တဲ့အခါ စက်ကွင်းထိမှန်တဲ့ တစ်လက်မခွဲအပေါက်၊ အနက် နှစ်စင်တီမီတာလောက်ဖြစ်ပါတယ်။ အဲဒီကနေ မိုးရေဝင်နိုင်တဲ့အတွက် ပြုပြင်တဲ့ လုပ်ငန်းတွေကို ဇွန် ၇ရက်က စတင်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တစ်ပတ်အတွင်းပြီးစီးမှာဖြစ်ပါတယ်”ဟု ဦးအောင်အောင်ကျော်က ပြောပြသည်။

ထိုသို့ ရောဝတီမြစ်ရေပြင်သို့ မိုးကြိုးပစ်ခြင်းဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် ပုထိုးဘုရား၏လုံးပတ်တွင် စက်ကွင်းထိမှန်၍ တစ်လက်မခွဲအရွယ် အပေါက်ရာနှစ်ခုဖြစ်ပေါ်ခဲ့ပြီး ဆန်ကောကွက်ကဲ့သို့အရာထင်ခြင်းနှင့် ထီးတော်ထိခိုက်မှုအနေဖြင့် စိန်ဖူးတော်အောက်ခံကြာဖက်ပဲ့သွားခြင်း၊ ငှက်ပျောဖူးကြာဖက်ထိပ်ပိုင်း ခြောက်လက်မခန့် ပဲ့သွားခြင်း၊ ထီးတော်ပတ်လည်တွင် ချိတ်ဆွဲထားသော ကြေးခေါင်းလောင်းများ မည်းသွားခြင်းများ စသည့်ထိခိုက်ပျက်စီးမှု အနည်းငယ်ရှိခဲ့ကြောင်း သိရသည်။ ASH

# Ocean's Eleven ဇာတ်ကား ရိုက်ကူးမှု ယခုလကုန်တွင် စတင်မည်


**နယူးယောက် ဇွန် ၉**

Ocean's Eleven ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုလကုန်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် မူလ Ocean's Eleven ဇာတ်ကားများ၏ ဇာတ်အိမ်တည်ချိန်မတိုင်မီကာလ အဖြစ်အပျက်များကို ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် Ocean's Eleven (2021) ဇာတ်ကားမှ အဓိကသရုပ်ဆောင်များဖြစ်သည့် မင်းသား ရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး မားဂေါ့ရော့ဘီတို့ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

Ocean's Eleven ဇာတ်ကား ဇာတ်ဝင်ခန်းများကို ပြင်သစ်နိုင်ငံ၌ အဓိကရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကာရီဆော်မွန်က ရေးသားမည်ဖြစ်ပြီး ဒါရိုက်တာ ဂျေးရော့ကတာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ KKO




# Dead Reckoning Part Two ရိုက်ကူးထုတ်လုပ်မှုရပ်ထားရသည့် ဇာတ်ကားများစာရင်း၌ ပါဝင်လာ


**နယူးယောက် ဇွန် ၉**

ဇာတ်ညွှန်းရေးဆရာများအသင်း သပိတ်ကြောင့် ရိုက်ကူးထုတ်လုပ်မှုရပ်ထားရသည့် ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ကားများ စာရင်းတွင် Mission: Impossible-Dead Reckoning Part Two ဇာတ်ကားပါဝင်လာကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇွန် ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဇာတ်ညွှန်းရေးဆရာများအသင်း သပိတ်ကြောင့် ရိုက်ကူးထုတ်လုပ်မှုရပ်ထားရချိန်တွင် Mission: Impossible- Dead Reckoning Part Two မှာ ရိုက်ကူးထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်းထိပြီးစီးနေပြီဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက ရိုက်ကူးနေခြင်းဖြစ်ပြီး မင်းသား တွမ်ခရုနှင့် မင်းသမီး ရော့ဘက်ကာဖာဂူဆန်အပါအဝင် Mission: Impossible ပင်တိုင်သရုပ်ဆောင်များ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

ဇာတ်ကားရိုက်ကူးထုတ်လုပ်မှု ရပ်ထားရခြင်းကြောင့် Mission: Impossible-Dead Reckoning Part Two ဇာတ်ကားရုံတင်မည့်ကာလ အပြောင်းအလဲမရှိနိုင်ကြောင်း၊ အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ရုံတင်ရန် Paramount ရုပ်ရှင်စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။ KKO



# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets senior officer instructors, female cadets of graduate female cadet course and female trainee officers from female infantry platoon course of Tatmadaw (Army) Officers Training School (Hmawby)



Senior General Min Aung Hlaing meets trainees from Tatmadaw (Army) Officers Training School (Hmawby).

**Nay Pyi Taw June 9**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning met with senior officer instructors, female cadets of graduate female cadet course and female trainee officers from female infantry platoon commander course of Tatmadaw (Army) Officers Training School (Hmawby) at Myawady Hall of the school.

Also present at the meeting were Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, Commander of Yangon Command Maj-Gen Zaw Hein, the commandant of Tatmadaw (Army) Officers Training School (Hmawby), officer instructors, female cadets and female officer trainees from the female infantry platoon commander course.

**Taking systematic training for ensuring physical and mental fitness**

First, the Senior General said that those attending the female graduate cadet course are graduates from universities, having social experiences from university environment as well as social relations. They are mature to adopt decisions. As they joined the Tatmadaw of their own accord, they all have firm concepts. They need to take systematic training for having physical and mental fitness during the training period.

They have to build themselves up with training to be betterment of morale and take systematic training to have physical strength. They have to take daily training for ensuring high stamina and strength. The trainees have to follow the training with a strong spirit. Only when they have high morale will they complete training. Giving training on martial arts to them aims to fight.

**Striving for becoming good leaders**

As they have to serve as junior leaders, they have to understand leadership characteristics. Leaders shall be high morality, righteous and good moral over subordinates and control subordinates under the consideration. Two portions of consideration are good natured and goodwill. It is necessary to culture the good nature with farsightedness but the short-term nature. They have to consider difficulties of senior officers and junior officers and other ranks in serving their duties. Leadership means linking those at the upper and lower levels with responsibility and accountability. They all have to serve the leadership duties with good will. They should be good followers to become good leaders. They have to show their skills of good leadership with fair control. The training school has given military leadership courses to them. At a time when they take a leadership role, they must have qualification and capacity to serve as good leaders. They have to apply experiences from the training to effectively apply the military leadership profession without derailment of leadership.

**To make efforts for having high conviction and concept**

With regard to conviction and concept, they all joined the Tatmadaw amid difficulties and crises. Training schools have given training to them to become good Tatmadaw members. While facing difficulties during the duty period, they have to firmly grasp the conviction and concepts as they are good soldiers. They have to understand serving State responsibilities by the Tatmadaw with the soldierly spirit. They have high conviction and concept for serving themselves, the Tatmadaw and the State.

**Continuous efforts for setting ambition**

The Senior General recognized their vision and ambition as they join the life of female military personnel. Those female military personnel and wives of Tatmadaw members are reliable for the State and the Tatmadaw. The Senior General urged them to serve their duties without harming their ambitions and goals.

After the meeting, the Senior General and party viewed round the training hall, fulfilled the needs of officials and gave necessary instructions.

The Senior General and party inspected training schools, local regiments and units in Hmawby Station in a motorcade. 100



Senior General Min Aung Hlaing views round in the training hall.

# Villages in Bago Region may contact township tractor camps for systematic land reclamation

**Bago June 9**

Any villages that are interested in systematic land reclamation in Bago Region can contact tractor camps in the respective townships of the region, according to sources released by the regional government on 7 June.

It is an essential task for the State to transform manual farming into mechanized farming. In such an effort for all-round development of the agricultural sector, cooperation of not only government departments but also local farmers is necessary.

Therefore, the Bago Region government is giving permission for systematic land reclamation by seeking coordination from farmers. Thus, interested villages in Bago Region are to contact their relevant township tractor camps. It is important that farmers are familiar with and handle farm machinery and equipment well. Tractor driving and maintenance courses are also being conducted in the region.

Now, a farm machinery operation and maintenance course (No. 1/2023-2024) is now being conducted in the Mechanized Farming Institute in Bayagyi town. The course started 6 June and will last until 27 July. There are 50 trainees doing the course—13 from Bago Region, five from Yangon Region, 26 from Ayeyawady Region, three from Rakhine State, two from Nay Pyi Taw and one from Kayin State. 336

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects Tatmadaw TV broadcasting Unit (Hmawby)


Senior General Min Aung Hlaing meets the staff of Tatmadaw TV broadcasting Unit (Hmawby).

**Nay Pyi Taw June 9**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Chief of General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief, Yangon Command Commander Maj-Gen Zaw Hein and officials, inspected Tatmadaw TV broadcasting Unit in Hmawby Station this morning.

The Senior General and party were warmly welcomed by officials and staff of the Tatmadaw TV broadcasting Unit (Hmawby). At the meeting hall, Director of Directorate of Public Relations and Psychological Warfare Maj-Gen Zaw Min Tun and the commandant of the unit presented a report on brief history of Tatmadaw TV broadcasting units and Tatmadaw Radio broadcasting units in connection with the broadcasting services of Myawady TV and Thazin FM, progress in implementing the task and advanced broadcasting, airing of a variety of attractive programs including daily local and foreign news and general knowledge enrichment programs, daily programs of Thazin FM, work progress of TV and radio broadcasting units and overall requirements and the evolution of Myawady music band and mini orchestra.

In response, the Senior General spoke of the need to broadcast authentic national and world news, news on latest developments and current events and breaking news in a timely manner and to air programs that will draw the public attention and knowledge programs, and gave necessary guidance.

At his meeting with officers, other ranks and employees of the unit, the Senior General said the unit was set up on 1 April 1990 and it has experience in TV broadcasting to a certain degree. Since its establishment, the unit has won the public interest and achieved success because of its programs that meet the prevailing trends of the time.

**TV programs must be beneficial to nation and people**

TV in fact is public relations. Hence, all must run it as a beneficial business that produces good results. They must review the degree of benefits the business is generating for itself and the nation and people.TV programs must reach every part of the country, and Radio programs must be available for region-wised stationed troops and local people as well as soldiers in the frontlines. All should able to listen to necessary and correct information, knowledgeable programs and pleasant programs.


Senior General Min Aung Hlaing inspects broadcasting process.

The goal of the DPRPW is "to inform, to entertain, to educate and to organize". Provision of information, entertainment and knowledge through correct ways amounts to launching effective organization campaigns. Entertainment programs include both the voice and pictures. The work of broadcasting of new areas of knowledge equals to the work of educating the people. Hence, news must be correct and simple, so, rural people will be able to understand them well. All the staffs should realize the goals of their respective units.

**Well versed in Myanmar and global affairs**

Officers, other ranks and employees of the units must have the correct knowledge of the political developments of the country. Tatmadaw had to assume the State duties in accord with the Constitution due to vote rigging in the 2020 multiparty democracy general election. Because of the political disagreements over the Tatmadaw's assumption of State duties political instability occurred. In fact, Tatmadaw took over the duties in accord with the Constitution due to the failure to solve the vote rigging problem in accord with the law. *See Page 14*


Senior General Min Aung Hlaing views part of TV broadcasting process.


Senior General Min Aung Hlaing signs the guest book.


Senior General Min Aung Hlaing views documentary photos.

*From Page 13*

It is now in the continuous process of realizing multi-party democracy system and is arranging to hold a free and fair election. Officers, other ranks and employees of the units must have a comprehensive knowledge of the country, serious conviction and belief, rich general knowledge, will to learn continuously, wider knowledge of the global political, economic and social affairs.

Active and attractive editing is necessary in broadcasting news and programmes. As such, editors and supervisors are responsible for systematization. In broadcasting educational programmes for the public, they should be really educational and knowledgeable.

**Unity within the Tatmadaw**

Doing jobs means trying for one's own life quality improvement as well as for the State. Clear conscience will ensure they are confident. Those engaging in the media business need to be more united. Co-workers need to work in unity. As they come from various regions, working with a family and brotherly spirit will achieve greater success.

**Emergence of qualified human resources**

Efforts must be made to ensure rich human resources. For this, there are two parts—constant training and further strengthening the skills of the existing human resources. With the required machinery for TV broadcasting, those machines and equipment must be well handled and maintained. As history is valuable, keeping records of them systematically is necessary. Those currently serving their duties are writing a current history, so their achievements will go down into history, the Senior General said.

After the meeting, the Senior General presented cash rewards for the staff of the Tatmadaw TV broadcasting Unit (Hmawby) to the commandant.

Next, the Senior General signed the visitors' book, viewed the operation of OB vans (Outdoor Broadcasting Van) and uplink vehicles and left necessary instructions.

The Senior General and party then had lunch together with the staff. Meanwhile, the mini-orchestra of the Myawady Band performed music playing the violin and harp.

Then, the Senior General and party viewed round the preparatory, broadcasting, editing and satellite rooms. After hearing reports by officials, the Senior General gave instructions on maintenance and functioning of the worksites in parts.

Then, the Senior General and party went round in a motorcade within the substation.

The Tatmadaw TV broadcasting Unit (Hmawby) was established on 1 April 1990. It started a test-run under an analog playout system. On 27 March 1995, Myawady TV was opened as a military TV broadcasting unit on the golden jubilee of Armed Forces Day. A digital playout was started in 2011 with seven channels. In 2015, English news and programmes could be broadcast. HD broadcasting started on 27 March 2020. The station broadcasts local and foreign news, top world news opinions and reviews and knowledgeable programmes daily. It is constantly trying to broadcast news and programmes that can instill the flouring Union spirit and nationalistic spirit in the people of Myanmar, while it is also trying to remain as a reliable and active media outlet of the State and the Tatmadaw. 100

# Planning Conference of ADMM-Plus Experts' Working Group on Counter-Terrorism co-chaired by Myanmar and the Russian Federation Held

**Nay Pyi Taw June 9**


Under 3-year working plan of ADMM-Plus Experts' Working Group on Counter-Terrorism, Planning Conference of ADMM-Plus Experts' Working Group on Counter-Terrorism co-chaired by Myanmar and the Russian Federation was held on hybrid system at Khabarovsk on 6 and 7 June 2023.

Delegations from Myanmar, Russia, Cambodia, China, Thailand, Laos, Indonesia and India attended the meeting while representatives from ASEAN Secretariat office, Brunei, Malaysia, Singapore, Thailand, the Philippines, and Vietnam joined it via videoconferencing.

Myanmar and the Russian Federation, co-chairs of the conference, made opening remarks at the meeting. Next, participants frankly discussed measures pertaining to cooperation in counter-terrorism operations among the countries and future cooperation plan for regional counter-terrorism operations.

Myanmar delegation distributed publications in which the current political situation of Myanmar, terrorist attacks and evidences of acts of violence committed by the terrorists called NUG and PDF on civilian targets, factors to declare the NUG group as a terrorist group and counter-terrorism measures of the State Administration Council (SAC) are written in English, Russian and Chinese languages as well as memory sticks, that contain the said-content, to the attendees in order to convey the true stories in Myanmar, it is reported.

100


Planning Conference of ADMM-Plus Experts' Working Group on Counter-Terrorism in progress.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနှင့် တရုတ်ဂျက်လေယာဉ်များ တောင်ကိုရီးယားလေကြောင်းရန်ကာကွယ်ရေးသတ်မှတ်ဇုန်အတွင်းသို့ ဝင်ရောက်ခဲ့



ရုရှားနှင့်တရုတ် ဂျက်လေယာဉ်အများအပြားသည် တောင်ကိုရီးယား၏ လေကြောင်းရန်ကာကွယ်ရေး သတ်မှတ်ဇုန်အတွင်းသို့ ဇွန် ၆ ရက်က ဝင်ရောက်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့ပြီး တုံ့ပြန်သည့်အနေဖြင့် တိုက်လေယာဉ်များစေလွှတ်ခဲ့ကြောင်း www.thedefensepost.comတွင် ဇွန် ၇ ရက်က ရေးသားဖော်ပြထားသည်။

ရုရှားနှင့်တရုတ်စစ်လေယာဉ်များသည် ဇွန် ၆ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်နှင့် တောင်ဘက်ကမ်းရိုးတန်းအနီး လေကြောင်းရန်ကာကွယ်ရေး သတ်မှတ်ဇုန်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ်များရုံး (JCS) က ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

လေကြောင်းရန်ကာကွယ်ရေး သတ်မှတ်ဇုန်သည် လုံခြုံရေးအကြောင်းပြချက်ဖြင့် လေယာဉ်များကို ထိန်းချုပ်ရန်ကြိုးပမ်းသည့် နိုင်ငံတစ်နိုင်ငံ၏ လေပိုင်နက်ထက်ကျယ်ဝန်းသော ဧရိယာဖြစ်သော်လည်း အဆိုပါအယူအဆကို မည်သည့်နိုင်ငံတကာစာချုပ်တွင်မျှ တရားဝင် မသတ်မှတ်ထားပေ။

တောင်ကိုရီးယားစစ်ဘက်သည် တရုတ်နှင့်ရုရှား ဂျက်လေယာဉ်များ ဝေဟင်သတ်မှတ်ဇုန်အတွင်းသို့ မဝင်ရောက်မီ ထောက်လှမ်းနိုင်ခဲ့ကြောင်း၊ အရေးပေါ်အခြေအနေတွင် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန်အတွက် လေတပ်အနေဖြင့် တိုက်လေယာဉ်များ စုရုံးဖြန့်ကြက်ချထားကြောင်း JCS က ဆိုသည်။

အဆိုပါ ဂျက်လေယာဉ်များသည် တောင်ကိုရီးယားနိုင်ငံ၏ လေပိုင်နက်ကို ချိုးဖောက်ဝင်ရောက်ခဲ့ခြင်း မရှိကြောင်းလည်း JCS ကပြောကြားခဲ့သည်။

တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန် ကာကွယ်ရေးဝန်ကြီးများသည် ယခုနှစ်ကုန်တွင် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်၊ ပစ်လွှတ်မှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဒေတာမျှဝေမှုပြုလုပ်ရန် ဇွန် ၃ ရက်က သဘောတူခဲ့ပြီးနောက် ယခုဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကို တောင်ကိုရီးယားနိုင်ငံကထောက်ခံခဲ့ပြီး ယူကရိန်းနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးပို့ခဲ့သည်။

သို့သော်လည်း ပဋိပက္ခဖြစ်နေသည့်နိုင်ငံများထံ သေစေလောက်သောစစ်ဘက်၊ စစ်လက်နက်ပစ္စည်း အကူအညီများထောက်ပံ့ပေးပို့မှုကို နိုင်ငံ၏ကိုယ်ပိုင်စည်းမျဉ်းပြဋ္ဌာန်းချက်များက တားမြစ်ထားကြောင်း သိရသည်။

**Russian, Chinese Jets Enter South Korea Air Defense Zone ကို ဘာသာပြန်ဆိုထားပါသည်။**

## လက်ဘနွန်သို့ ကန်ဒေါ်လာ ၁ ဒသမ ၂ သန်းဖိုးရှိ သံချပ်ကာကင်းလှည့်ယာဉ်သုံးအစိတ်အပိုင်းများ ဗြိတိန်ပံ့ပိုးခဲ့

ဗြိတိန်နိုင်ငံအစိုးရသည် လက်ဘနွန်တပ်မတော် (LAF) သို့ ပေါင်တစ်သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း) တန်ဖိုးရှိ သံချပ်ကာကင်းလှည့်ယာဉ်သုံး အစိတ်အပိုင်းများကို ပံ့ပိုးပေးခဲ့ကြောင်း https://www.the defensepost. com/ တွင် ဇွန် ၆ ရက်က ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၏ ပဋိပက္ခတည်ငြိမ်ရေးနှင့် လုံခြုံရေးရန်ပုံငွေမှ ပံ့ပိုးထားသည့် အပိုပစ္စည်းများသည် လက်ဘနွန်နိုင်ငံနယ်စပ်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အသုံးပြုလျက်ရှိသော Land Rover ယာဉ်များအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Kfarshima မြို့အခြေစိုက် လက်ဘနွန် တပ်မတော်ထောက်ပံ့ပို့ဆောင်ရေးစခန်း၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကိုကျင်းပခဲ့ပြီး ကာကွယ်ရေးနှင့်စစ်ဘက်အရာရှိအများအပြား တက်ရောက်ခဲ့ကြသည်။

Land Rover Defender မော်တော်ယာဉ်များသည် LAF တပ်များ လှုပ်ရှားစစ်ကစားမှုအတွက် ပင်မကျောရိုးဖြစ်ပြီး တပ်မတော် ခေါင်းဆောင်မှုဖြင့် ကျွန်ုပ်တို့၏ ဗြိတိန်နိုင်ငံ ပညာရှင်အဖွဲ့များသည် ယာဉ်များအတွက် ဝန်ဆောင်မှုပေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စက်ကိရိယာဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်သည်ဟု လက်ဘနွန်ဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး Hamish Cowell က ပြောကြားခဲ့သည်။ ပံ့ပိုးမှုသည် LAF အနေဖြင့် ရှေ့တန်းစစ်မျက်နှာ၌ တပ်ဖြန့်လုပ်ဆောင်နေချိန်တွင် စစ်ဆင်ရေးဆိုင်ရာ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံသည် လက်ဘနွန်နိုင်ငံသို့ စတာလင်ပေါင် ၁ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်း) တန်ဖိုးရှိ Land Rover သံချပ်ကာကင်းလှည့်ယာဉ်အစီး ၁၀၀ ကို ပံ့ပိုးခဲ့သေးသည်။

မော်တော်ယာဉ်များသည် ဆီးရီးယားနှင့်လက်ဘနွန် နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်မှုကိုအားကောင်းစေပြီး လက်နက်ကိုင်တပ်ဖွဲ့များကို အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးမစ်ရှင်များကို ကူညီပေးနိုင်လိမ့်မည်ဟုမျှော်မှန်းထားကြောင်း သိရသည်။

ထို့ပြင် Land Rovers များသည် Blue Line ဟုလည်းသိကြသော အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့၏ နယ်နိမိတ်များတွင် ပုံမှန်ကင်းလှည့်မှုများကို ကူညီပေးနိုင်သည်။



ဗြိတိန်အဖွဲ့သည် LAF နှင့်အတူ လုပ်ရိုးလုပ်စဉ် ပြုပြင်ထိန်းသိမ်းမှုနှင့် ပိုမိုရှုပ်ထွေးသော စက်ပိုင်းဆိုင်ရာပြုပြင်မှုများကို ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ပြီး Land Rovers ယာဉ်များကို မျှော်မှန်း၍မရသော အနာဂတ်ကာလတစ်ခုထိ ရှေ့တန်းကျကျ အသုံးပြုနေဦးမည်ဖြစ်သည်ဟု ဘေရွတ်မြို့ရှိ ဗြိတိန်သံရုံးက ပြောကြားခဲ့သည်။

**UK Donates $1.2M in Armored Patrol Vehicle Parts to Lebanon ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန်နှင့်တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူညီခဲ့

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို ဟန့်တားရန်အတွက် အမေရိကန်နှင့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုအပါအဝင် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တောင်ကိုရီးယားနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးများသည် ၂၀၁၉ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်တွေ့ဆုံစဉ် သဘောတူညီခဲ့ကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။




ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီး Yasukazu Hamada သည် အာရှကာကွယ်ရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် စင်ကာပူနိုင်ငံသို့အလည်အပတ်ရောက်ရှိစဉ် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးLee Jong-Supနှင့်တွေ့ဆုံခဲ့သည်။

"မြောက်ကိုရီးယားရဲ့ နျူကလီးယားနဲ့ဒုံးကျည်ခြိမ်းခြောက်မှုတွေအပြင် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတွေလိုမျိုး ဒေသတွင်းလုံခြုံရေးပြင်းထန်တဲ့ ပတ်ဝန်းကျင်ကို တုံ့ပြန်ဖို့လိုအပ်တာကြောင့် ဝန်ကြီးနှစ်ဦးက ဂျပန်-ကိုရီးယားနဲ့ဂျပန်-ကိုရီးယား-အမေရိကန် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ဖို့ အရေးကြီးပါတယ်'' ဟု သဘောတူညီခဲ့ကြသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ချိုးဖောက်ခြင်းကြောင့် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်ပစ်လွှတ်မှုကို ပြင်းထန်စွာရှုတ်ချခဲ့ပြီး နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများကြားယုံကြည်မှုမြှင့်တင်ရန်လိုအပ်ကြောင်း သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် မေ ၃၁ ရက်က Chollima-1 ဒုံးကျည်ပေါ်တွင် တင်ဆောင်ထားသော Malligyong-1 စစ်ဘက်ဆိုင်ရာထောက်လှမ်းရေးဂြိုဟ်တုကို ပတ်လမ်းကြောင်းထဲသို့ လွှတ်တင်ထားရန် ကြိုးပမ်းမှုမအောင်မြင်ခဲ့ပေ။

မြောက်ကိုရီးယားဂြိုဟ်တု လွှတ်တင်မှုကိုဒေါသဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ပြင်းထန်စွာချိုးဖောက်မှုအဖြစ် တောင်ကိုရီးယားက ရှုတ်ချကန့်ကွက်ခဲ့ပြီး ဂြိုဟ်တုလွှတ်တင်ရန်ကြိုးပမ်းမှုအတွက် တုံ့ပြန်လုပ်ဆောင်သွားမည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးခဲ့သည်။

"ကိုရီးယားကျွန်းဆွယ်မှာ တင်းမာမှုတွေရဲ့ မူလဇာစ်မြစ်က မြောက်ကိုရီးယားအပေါ် ဖိအားပေးဖို့ အမေရိကန်နဲ့သူ့ရဲ့ မဟာမိတ်တွေရဲ့ ဆန္ဒဖြစ်တယ်" ဟု ကုလသမဂ္ဂဆိုင်ရာ ရုရှားလက်ထောက် သံအမတ် Anna Yevstigneeva က ဇွန် ၂ ရက်က ကောက်ချက်ချ ပြောကြားသည်။

**Japanese, S. Korean Defense Ministers Agree to Strengthen Security Cooperation ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

(၁) ရှေ့ဖုံးမှအဆက်

အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီး ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

### ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့များရရှိခဲ့ပြီးကြသူများဖြစ်ကြသဖြင့် တက္ကသိုလ်ပတ်ဝန်းကျင်လူမှုအတွေ့အကြုံရှိပြီး လူမှုဆက်ဆံရေးအတွေ့အကြုံများစွာ ရှိထားပြီးသူများဖြစ်ကြောင်း၊ အသက်အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့်အရွယ်များသို့ရောက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် ခံယူချက်များအခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်မာမှုရှိစေရေးစနစ်တကျလေ့ကျင့်သွားရန်လိုကြောင်း။

အခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်သည့် စိတ်ဓာတ်များကို ပိုမိုကောင်းမွန်ခိုင်မာစေရေး လေ့ကျင့်တည်ဆောက်ကြရန်လိုပြီး ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့်လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သက်လုံကောင်းစေရန်နှင့် ကြံ့ခိုင်မှုရှိစေရန် နေ့စဉ်လေ့ကျင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့် လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့်စိတ်ဓာတ်များဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများ အောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည် တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

### ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ်များကို သိရှိနားလည်ထားရန်လိုကြောင်း၊ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့်စေတနာကောင်းခြင်းဟူ၍ရှိကြောင်း၊ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့်ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှအရာရှိ၊ စစ်သည်များ၏တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို ကိုယ်ချင်းစာစိတ်နှင့် နားလည်မှုရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကိုချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး နောက်လိုက်ကောင်းများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မျှတသည့်ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကိုပြသရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို သင်တန်းကျောင်းမှ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်ခေါင်းဆောင်အဖြစ် တာဝန်ယူချိန်တွင် ကိုယ်တိုင်အရည်အချင်းရှိရန်နှင့်ခေါင်းဆောင်ကောင်းဖြစ်အောင် တာဝန်ထမ်းဆောင်နိုင်ရန်လိုကြောင်း၊ ခေါင်းဆောင်မှုများ လွဲမှားမှုမရှိစေရေး မိမိတို့အတွေ့အကြုံနှင့်ယှဉ်၍ သင်ကြားပေးလိုက်သည့် စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို ထိရောက်စွာအသုံးချနိုင်ရန်လိုကြောင်း။

### ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမြင့်မားအောင်ဆောင်ရွက်

ယုံကြည်ချက်ခံယူချက်နှင့်ပတ်သက်၍ အခက်အခဲ၊ အကျပ်အတည်းများကြားမှ တပ်မတော်သို့ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်သားကောင်းတစ်ဦးဖြစ်စေရေး လေ့ကျင့်ရေးကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်တွင် အခက်အခဲများကြုံတွေ့ရချိန်၌ တပ်မတော်သားကောင်းတစ်ဦးအဖြစ်ခံယူသည့် ယုံကြည်ချက်ခံယူချက်များ ခိုင်မြဲနေရန်လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်သည်နှင့်အညီ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံကြရန်လိုကြောင်း၊ တပ်မတော်က နိုင်ငံ့တာဝန်ထမ်းဆောင်မှုအပေါ် တပ်မတော်သားစိတ်ဓာတ်ဖြင့် နားလည်သဘောပေါက်ရန်လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်ခံယူချက်မြင့်မားရမည်ဖြစ်ကြောင်း။

### ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းသွားကြရမည်

မျှော်မှန်းချက် ရည်မှန်းချက်များဖြင့် အမျိုးသမီးစစ်မှုထမ်းဘဝကို ဝင်ရောက်ခဲ့ကြသူများဖြစ်သဖြင့် မိမိအနေဖြင့်အသိအမှတ်ပြုပါကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများနှင့်ရဲမေများသည် နိုင်ငံတော်နှင့်တပ်မတော်အတွက် အားထားရသူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင် နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် လုပ်ဆောင်ချက်များဖြင့် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မှော်ဘီတပ်နယ်အတွင်းရှိ သင်တန်းကျောင်းများ၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

---

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ရန် ကျေးရွာကိုယ်စားလှယ်များအား စားသုံးသူရေးရာဂိုဒေါင်မှ ထောက်ပံ့ပစ္စည်းများ ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



**နေပြည်တော် ဇွန် ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မင်းပြင်ဝန်ထမ်းအိမ်ရာရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ ပြင်ဆင်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် သန်ပန်ချောင်းရပ်ကွက်ရှိမြို့ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေးတွက် ရေထွက်ပေါက်ပြန်လည်ပြုပြင်မည့် နေရာအားကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စုတို့မှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ရန် ကျေးရွာကိုယ်စားလှယ်များကို စားသုံးသူရေးရာဂိုဒေါင်မှ ထောက်ပံ့ပစ္စည်းများထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရပ်ကွက်များ၊ ဈေးများနှင့် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်ကြရန် မှာကြားသည်။ ၎င်းနောက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန် လိုအပ်သောအမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့်ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းသော နဝကမ္မအလှူတော်ငွေများအား ကျောင်းထိုင်ဆရာတော်များထံ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များထောက်ပံ့သည့် ကုလားတန်(၅)သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ထောက်ပံ့ပစ္စည်းခြောက်မျိုးအား လေဘေးသင့်ပြည်သူများထံသို့ မြန်မြန်ဆန်ဆန် ဖြန့်ဝေပေးနိုင်ရေးအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ပြုလုပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၈ ရက်တွင် မြောက်ဦးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း သုံးကျောင်းသို့ သွားရောက်၍ သွပ်သံနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# (၂၉)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၉**

(၂၉)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Horizon lake View Resort ၌ ကျင်းပသည်။





အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာမျိုးသိန်းကျော်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် ဆုရဆရာကြီး၊ ဆရာမကြီးများ၊ ပခုက္ကူစာပေဆုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စာပေကဏ္ဍအတွက် တန်ဖိုးဖြတ်၍ မရနိုင်သော ပခုက္ကူစာပေဆုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)နှင့် ဆရာမကြီး ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)တို့ကို ဆုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝတ္ထုရှည်ပထမဆုရ မောင်ငြိမ်းမွန်(ချောင်းဦး)၊ ဒုတိယဆုရ ပုသိမ်အောင်သန်းဦးနှင့် တတိယဆုရ ဘိုမျိုး (ရွှေဘို)တို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဝတ္ထုတိုပထမဆုရ စိုးမြင့် (စက်မှုတက္ကသိုလ်)၊ ဒုတိယဆုရ သက်နှင်းညို နှင့် တတိယဆုရ ကိုကေအီး(နီဗွာန်) တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကျမ်းစာပေ ပထမဆုရ မောင်မြကျော်၊ ဒုတိယဆုရ ကျော်သက်ခိုင် (မုံရွာ)နှင့် တတိယဆုရ သိဒ္ဓိမောင်ဒွေးတို့ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သုတေသနစာပေ ပထမဆုရ တင်တော်၊ ဒုတိယဆုရ ဒေါက်တာခင်စန်းရီနှင့် တတိယဆုရ မင်းသူရိန် (ထားဝယ်)တို့ကိုလည်းကောင်းဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က (၂၉)ကြိမ်မြောက် ပညာရည်ချွန်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ဒုတိယနှစ်ကျောင်းသူ မခိုင်သဇင်သိန်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာန ဒုတိယနှစ်ကျောင်းသူ မမြတ်ရွှေစင်မျိုးတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကဗျာပေါင်းချုပ် ပထမဆုရ ဒွေးသစ်လွင်(ပရိမ္မ)၊ ဒုတိယဆုရ ချစ်စုအောင်နှင့် တတိယဆုရ ခက်ဇော် (ကဗျာ)တို့ကိုလည်းကောင်း၊ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းခိုင်ဦးက ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ဆုရ MP Maung Myint၊ အောင်တိုး(စိန်ခြယ်)နှင့် ဦးမြင့်နိုင်တို့ကိုလည်းကောင်းဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၂၉)ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီးဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းခိုင်ဦးက ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်နှင့် စာပေအတွက် အကျိုးပြုပုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌတို့သည် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၇ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီး ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ဆု သုံးဆုနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆု နှစ်ဆုတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့်သင်္ဘောကြီးများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ချနေမှုနှင့် စစ်တွေကမ်းနားလမ်းတစ်လျှောက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး





**စစ်တွေ ဇွန် ၉**

စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံးဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့်သင်္ဘောကြီးများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများချနေမှုနှင့် စစ်တွေကမ်းနားလမ်းတစ်လျှောက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်း၌ဆိုက်ကပ်ထားသည့် MCL-3၊ MCL-5 နှင့် CHARITES သင်္ဘောများပေါ်မှ အမိုးသွပ်၊ သစ်ခွဲသား၊ အုတ်နှင့် ဘိလပ်မြေများကို မော်တော်ယာဉ်များပေါ်သို့တင်ဆောင်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မုတ်သုံဝင်ရောက်မှုကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ မိုးသက်လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည့်အတွက် ရာသီဥတုအခြေအနေနှင့် မိုးလေဝသသတိပေးချက်များကို အချိန်ပြည့်စောင့်ကြည့်ပြီး လိုအပ်ပါက သင်္ဘောများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းသွားရန်၊ ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေစိုခံသည့်ပစ္စည်းများကို ဦးစားပေးတင်ဆောင်ရန်၊ ရေစိုမခံသည့်ပစ္စည်းများကို အမိုးအကာများဖုံးအုပ်၍ ပျက်စီးလေလွင့်မှုမရှိအောင် စနစ်တကျထားရှိရန်နှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဆိပ်ကမ်း၌ လုပ်အားပေးဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားကာ အလှည့်ကျစနစ်ဖြင့် အနားပေးသွားရန်၊ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးလိုအပ်ချက်များကို စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရာသီဥတုအခြေအနေကြောင့် ဒီရေမြင့်တက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်းနှင့် အခြားဒေသများမှ သစ်များကို စစ်တွေမြို့သို့သယ်ယူပြီး ယာယီသစ်ခွဲစက်များဖြင့်ခွဲစိတ်၍ လိုအပ်ချက်ရှိသည့်နေရာဒေသများသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ထိ စုစုပေါင်းရောက်ရှိသစ်ခွဲသားနှင့် ခွဲစိတ်ပြီးသစ် ၁၃၆၉ တန်၊ ဖြန့်ခွဲပြီးသည့် သစ်ခွဲသား ၇၅၈ တန်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် သစ်ခွဲသားများကိုလည်း လိုအပ်သည့်နေရာများသို့ ဆက်လက်ဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာ လေးခု၏ မိုဘိုင်းစခန်း စုစုပေါင်း ၁၂၃၃ စခန်းရှိသည့်အနက် ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ စခန်း ဆက်သွယ်မှုပြတ်တောက်ခဲ့ပြီး ကျန်စခန်း ၃၂၉ ခုဖြင့်သာ ဝန်ဆောင်မှုပေးခဲ့ရာမှ ပြတ်တောက်သွားသောမိုဘိုင်းစခန်းများ ဆက်သွယ်မှုပြန်လည်ရရှိရေးအတွက် မိုက္ကရိုဝေ့ဗ်အင်တာနာများ တပ်ဆင်ခြင်း၊ ချိန်ညှိခြင်းနှင့် စက်ပစ္စည်းများ စစ်ဆေးခြင်း၊အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇွန် ၉ ရက်ထိ မိုဘိုင်းစခန်း ၈၈၂ စခန်း ပြန်လည်ပြုပြင်နိုင်ခဲ့သဖြင့် စုစုပေါင်းမိုဘိုင်းစခန်း ၁၂၁၁ စခန်း ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြန်လည်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇွန် ၉**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ချင်းပြည်နယ်အတွင်းထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။




**ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့်ဇနီး ဒေါ်ကေသွယ် မိသားစုတို့က လှူဒါန်းသော အလှူငွေများကို လက်ခံရယူစဉ်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင်များဖြစ်သည့် သူရဦးဘိုရီ(ခြူနဂါးဆေးပေါ့လိပ်) မိသားစုက အလှူငွေကျပ်သိန်း ၂၀၀၊ ဦးအောင်မျိုးဟိန်း မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၊ ဦးစိုးဝင်းထွန်းမိသားစုက အလှူငွေကျပ် သိန်း ၅၀၊ West Corporation Japan မှ အလှူငွေကျပ် သိန်း ၅၀၊ ဗိုလ်သင်တန်း အမှတ်စဉ်(၆၆)မှ အရာရှိများက အလှူငွေကျပ် သိန်း ၄၀၊ ဦးသန့်ဇင်(သုခကမ္ဘာဆေးခန်း)မိသားစုက အလှူငွေကျပ် ၁၀ သိန်းနှင့် အခြားစေတနာရှင်အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ဇနီး ဒေါ်ကေသွယ် မိသားစုက ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၄၅ သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၉**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သော ဆန်အိတ် ၁၆၀၊ ရှစ်တန်ကို မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကလေးလေဆိပ်သို့လည်းကောင်း တပ်မတော်(လေ)မှလေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှလေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၉၁ တန်၊ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့်ဌာနဆိုင်ရာ ဝန်ထမ်းဦးရေ ၃၂၆၀ တို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့်ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါတပ်မတော်လေယာဉ်၊ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကိုတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းသတင်းရရှိသည်။

**ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ရဟတ်ယာဉ်များဖြင့်ဆက်လက်ပို့ဆောင်ပေးစဉ်။**



# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်သူ ၁၆၀၁၈ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၇၂ ဒသမ ၅၈ ရှိ

**မန္တလေး ဇွန် ၉**

၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မန္တလေးမြို့ရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ ယနေ့ ဇွန် ၉ ရက်တွင် တစ်ချိန်တည်း ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီးတွင် ဖြေဆိုသူ ၂၂၀၆၉ ဦးရှိသည့်အနက် အောင်မြင်သူ ၁၆၀၁၈ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၇၂ ဒသမ ၅၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။



ယနေ့နံနက် ၆ နာရီမှစတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုကြပြီး တာဝန်ကျ ဆရာ၊ ဆရာမများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျကြည့်ရှုနိုင်ကြစေရန် ကြိုးကြပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစာမေးပွဲထုတ်ပြန်မှုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက "ဒီနှစ် ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ မန္တလေးတိုင်းရဲ့အောင်ချက်က ၇၂ ဒသမ ၅၈ ရာခိုင်နှုန်းဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ်အားလုံးမှာ မန္တလေးတိုင်းက တတိယအဆင့်ဖြစ်ပါတယ်။ ဒါ့ပြင် သိပ္ပံဘာသာတွဲအမှတ်အများဆုံး ၁၀ ဦးမှာလဲ မန္တလေးတိုင်းဒေသကြီးက ခုနစ်ဦးပါဝင်ပါတယ်။ ဒီနေ့အောင်မြင်တဲ့ကျောင်းသား၊ ကျောင်းသူတွေရော၊ သူတို့ရဲ့မိဘတွေအတွက်ပါဂုဏ်ယူပါတယ်"ဟု ပြောပြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့်အပြင် မြန်မာတစ်နိုင်ငံလုံးတွင် အဆင့်(၆)ဖြင့် အောင်မြင်ခဲ့သည့် မဆုမြတ်နိုးဇော်က "တစ်နေ့စာတစ်နေ့ကိုပဲအဓိကပိုင်အောင်လုပ်တယ်။ ကျန်တာကတော့ မေးခွန်းဟောင်းတွေလေ့လာပြီး ဆရာ၊ ဆရာမတွေ သင်ကြားပြသမှုနဲ့အတူ ကိုယ်တိုင်လဲ လေ့လာသင်ယူကြိုးစားခဲ့ရပါတယ်။အခုလို တစ်နိုင်ငံလုံးအဆင့် (၆)ရရှိခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ဆေးတက္ကသိုလ်တက်ဖို့ ရည်မှန်းထားပါတယ်။ အနာဂတ်မှာ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။ဖေဖေနဲ့မေမေကိုလဲ အရမ်းကျေးဇူးတင်ပါတယ်။ ဝိုင်းဝန်းအားပေးကြတဲ့ သူငယ်ချင်းတွေကိုလဲ ကျေးဇူးတင်ပါတယ်။ ဘယ်လိုအခက်အခဲတွေပဲကြုံကြုံ ကိုယ်ရဲ့အဓိကရည်မှန်းချက်၊ ကိုယ့်ရဲ့ဦးတည်ချက် လမ်းမပျောက်စေဘဲနဲ့ ဆက်လက်ကြိုးစားကြဖို့ပြောချင်ပါတယ်"ဟု ပြောပြသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.orgတွင် ယနေ့နံနက် ၄ နာရီမှစတင်၍ ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

သိပ္ပံဘာသာတွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ မနှင်းလဲ့ရည်ကလည်း "ဆရာ၊ ဆရာမတွေ သင်တဲ့စာကို တစ်နေ့စာတစ်နေ့သေချာလုပ်ခဲ့လို့ အခုလိုအောင်မြင်ခဲ့တာပါ။ ဂုဏ်ထူးရဖို့မျှော်မှန်းမထားပေမယ့် အကောင်းဆုံးဖြေဆိုမယ်ဆိုပြီးကြိုးစားခဲ့ပါတယ်။မေမေကလဲအကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့ပြောပါတယ်။ ကျန်းမာရေးအတွက်လဲအားဆေးတွေအပြင် အခြားလိုအပ်တာတွေလဲ ဖြည့်ဆည်းပေးတယ်။ အောင်စာရင်းမထွက်ခင်တစ်ညလုံးလဲအိပ်မပျော်ခဲ့ဘူး။ အောင်စာရင်းထွက်မယ့်အချိန်ကိုစောင့်မျှော်ခဲ့ရတယ်။ဒီမနက် ၄ နာရီမှာထပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရဲ့ Websiteကနေ အရင်ကြည့်တယ်။ သေချာအောင်လို့ ကျောင်းကိုလဲသွားကြည့်တယ်။ အခုလိုခြောက်ဘာသာဂုဏ်ထူးနဲ့အောင်မြင်တော့အရမ်းကိုပျော်ပြီးထခုန်မိတယ်။အမေကဆိုငိုတောင်ငိုတယ်။သမီးကနိုင်ငံတော်ကိုအကျိုးပြုတဲ့ ဆရာဝန်မကြီးဖြစ်ချင်တယ်။ ပထမဆုံးအနေနဲ့သမီးရဲ့မိဘနှစ်ပါးကိုကျေးဇူးတင်ပါတယ်။သင်ကြားပြသပေးတဲ့ဆရာ၊ဆရာမတွေကိုလဲကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။

အလားတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသောစာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှလည်း ကြေညာပေးခဲ့သည်။

ထို့အတူ ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာနမှ လည်းဝင်ရောက်ဖြေဆိုသူ ၂၉ ဦးရှိခဲ့ပြီး အောင်မြင်မှုအနေဖြင့် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦးတို့ဖြင့် ရာခိုင်နှုန်းပြည့် ဖြေဆိုအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုရရှိသည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၉**

၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီလေတပ်စခန်း၊ အားကစားခန်းမ၌ပြုလုပ်ရာ မှော်ဘီတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ဆုရရှိသည့်အသင်းများနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို လေတပ်ကွပ်ကဲမှုဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြသည်။

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့နှင့် မကွေးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၉**

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ်၊ ကျေးရွာများထိသွားရောက်၍ ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ အချိန်၊ နေရာမရွေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ သစ္စာရောင်ခြည်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ သံဃာတော် ၅၂ ပါးတို့ကိုလည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက် ဥတ္တရာရုံပရိယတ္တိစာသင်တိုက်ရှိ သံဃာတော် ၂၄ ပါးနှင့် ဒေသခံပြည်သူ ၁၂၆ ဦးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကန်သာကြီးကျေးရွာအတွင်းရှိ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၅၅ ဦးတို့ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၉**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ လက်ဝဲစာတိုက်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ အစိုးရရပ်ကွက်ရှိ မြို့နယ်ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကကျက်ဘက်ကျေးရွာရှိ လမ်းဘေးဝဲယာ၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဘောင်းဒွတ်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးသည်။

ထို့အတူ စစ်တွေမြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပါဒလိတ်ကျေးရွာရှိ လမ်းဘေးဝဲယာ၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများနှင့် ဂုံးပြင်သောင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့် ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရွာသစ်ကေကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂၈/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

### အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ {Democratic Party of National Politics (DNP)}ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇေယျာသုခနီလမ်းနှင့် ပန်းခင်းလမ်းထောင့်(ဘဲကုန်းမီးပွိုင့်အနီး) စကြာဒီပခြံတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ {Democratic Party of National Politics (DNP)}** ကို ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ{Democratic Party of National Politics (DNP)}**၏ မှတ်ပုံတင်အမှတ်မှာ (၂၃)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၂၉/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

### အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် ပညာလမ်း အမှတ် (၁၀၁၀/ခ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ ချုပ်ပါတီ**ကို ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၂၄)ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြော်ငြာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၃၀/၂၀၂၃)**
၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၉ ရက်)

### ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရွာမမြောက်ရပ်ကွက် ပဒေသရာဇာလမ်း အမှတ်(၇၃၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၃ ခုနှစ် ဇွန် ၉ ရက်မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၂၅) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန် နေသည်။

၂။ ဒြပ်စင်ခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၉-၆-၂၀၂၃ မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဧည့်မ | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၂၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၉၀၀ | ၂၈၀၀ | ၃၅၀၀-၃၈၀၀ | ၁၄၀၀ | ၉၂၀၀ | ၁၆၀၀၀-၁၇၉၀၀ | ၆၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀၀ | ၇၀၀၀-၇၃၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | လားရှိုး | ၄၉၅၀ | ၂၇၀၀ | ၂၅၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၃၀၀၀ | ၆၀၀၀-၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | မော်လမြိုင် | ၄၆၀၀ | ၂၈၀၀ | ၂၄၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၂၂၀၀ | ၇၀၀၀-၇၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀ | ၄၀၀ |

**မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

# စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ မုန်တိုင်းသင့်ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်၊ ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်း



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် မုန်တိုင်းသင့်ဒေသခံပြည်သူများကို ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်များမှ အထူးဆေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် ကျန်းမာရေးဦးစီးဌာနများမှ ကျန်းမာရေးဝန်ထမ်းများက ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများမှ ဒေသခံပြည်သူများကို မြို့နယ်အလိုက် သတ်မှတ်နေရာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိတပ်များမှ သမားတော်များ၊ အထူးကုများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော အထူးဆေးကုသရေးအဖွဲ့က စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာရှိ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လူနာတစ်ဦးချင်းစီ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ SKY NET မိသားစု၊ မြန်မာနိုင်ငံ လိုင်စင်ရကုန်ထုတ်ချက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ်ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၃၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော သီးစုံဒံပေါက်ထမင်းဘူးများကို ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဆက်လက်ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၉**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို တပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေစဉ်။

# ဇွန် ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၆ ဦးတွေ့ရှိ

**နေပြည်တော် ဇွန် ၉**

ဇွန် ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၂၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၆ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၅၅၁ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၄၆၀ ဦး |

# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေး အစည်းအဝေးကျင်းပပြုလုပ်



မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေး အစည်းအဝေး ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၉**

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဦးဆောင်၍ အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ သုံးနှစ်တာ လုပ်ငန်းစီမံချက်အရ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းရေးဆွဲရေး အစည်းအဝေး (Planning Conference of ADMM-Plus Experts Working Group on Counter-Terrorism) ကို ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခါဘရော့ဗ်မြို့၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ၊ ရုရှား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များက တက်ရောက်ခဲ့ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘရူနိုင်း၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံက အဖွင့်အမှာစကားပြောကြားကြပြီး အဖွဲ့ဝင်နိုင်ငံများအကြား အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဒေသတွင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဖြစ်ရပ်မှန်များကို အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံကိန်း ရေးဆွဲရေးအစည်းအဝေးသို့ တက်ရောက်သူများ လေ့လာသိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေနှင့် NUG၊ PDF အမည်ခံ အကြမ်းဖက်သမားများက စစ်ဘက်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များနှင့် အထောက်အထားများ၊ NUG အဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ရသည့် အကြောင်းရင်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အင်္ဂလိပ်၊ ရုရှား၊ တရုတ်ဘာသာတို့ဖြင့် ထုတ်ဝေထားသည့် စာစောင်၊ ၎င်းစာစောင်ပါ အကြောင်းအရာများပါဝင်သည့် Memory Stick တို့ကိုဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်နေမှုကို စာပေပညာရှင်ကြီးများ လေ့လာဖူးမြော်ကြည်ညို



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက် ပူဇော်နေမှုကို စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီး များက လေ့လာ ဖူးမြော် ကြည်ညို ကြစဉ်။

**နေပြည်တော် ဇွန် ၉**

(၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည့် စာပေပညာရှင်ဆရာကြီး၊ ဆရာမကြီးများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုကို လေ့လာဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီးစီးမှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေပညာရှင်ကြီးများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် စုပေါင်းလှူဒါန်းငွေကျပ် ၂၁၀၀၀၀ အား လှူဒါန်းကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့်ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည်လေ့လာကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များ၊ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။



**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။**

## အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



**အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့် ကျီကုန်းတပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။**

**နေပြည်တော် ဇွန် ၉**

အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းနှင့် ကျီကုန်းတပ်နယ်အသင်းတို့၏ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း၁၂ သင်းဖြင့် ယနေ့မှ ဇွန် ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


## အားကောင်းသော လေဖိအားနည်းရပ်ဝန်းကြောင့် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၉**

ယနေ့ည ၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)၏အရှိန်ကြောင့် ယနေ့ညနေမှ ဇွန် ၁၁ ရက်အတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ခန့်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်ပါသည်။

အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)၏ အရှိန်ကြောင့် ယနေ့ညနေမှ ဇွန် ၁၁ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။ **(မိုး/ဇလ)**





## သတင်းအေဂျင်စီလုပ်ငန်းပိတ်သိမ်းကြောင်း အသိပေးကြေညာ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်း တွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးဟံသာစန်း(A Times သတင်းအေဂျင်စီ)သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့်အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းအားထုတ်ပေးထားသည့် A Times သတင်းအေဂျင်စီကို ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်မှ စတင်၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပျံ့သန်းခွင့်လေးပေး

အမေမွှေးသား(နတ်မောက်)



(၁)

ထွန်းအောင် ကျောင်းအပ်ပြီးပြီ။ မင်းနိုင်လည်း ကျောင်းအပ်ပြီးပြီ။ နှင်းမေဆိုလျှင် လွယ်အိတ်အသစ်ကလေးနှင့် ကျောင်းတက်ရတော့မည်ဖြစ်သောကြောင့် ပျော်ရွှင်မြူးထူးနေသည်။ ရွှင်လန်းတက်ကြွနေသည်။ အရှင်းဆုံးပြောရလျှင် ဝေယံမှလွဲ၍ ဝေယံ၏ သူငယ်ချင်းအားလုံး ကျောင်းအပ်ပြီးကြပြီ။ လာမည့်သီတင်းပတ်သို့ရောက်လျှင် ကျောင်းများဖွင့်ပြီ။ သူငယ်ချင်းများ ကျောင်းသွားကြတော့မည်။ ဝေယံ အဖော်မရှိဘဲ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ရမည်ကို တွေးတောရင်း ဝမ်းနည်း၍လာသည်။

"ဟေ့ကောင် ဝေယံ၊ လာလေကွာ။ ဘာလုပ်နေတာလဲ"

ဟိုတွေး၊ သည်တွေးနှင့် မှိုင်တွေနေသည့် ဝေယံကို ထွန်းအောင်က လှမ်းခေါ်သည်။ မင်းနိုင်နှင့် နှင်းမာတို့ကလည်း ဝေယံ့ကိုကြည့်ပြီး အမြန်လာခဲ့ရန် စိတ်ဆိုးမာန်ဆိုးနှင့် ခေါ်နေကြပြီ။ ကစားပွဲက ဝေယံပါမှ စတင်၍ရမည်ဖြစ်သောကြောင့် စိတ်ဆိုးနေကြခြင်းဖြစ်သည်။ သို့တိုင် ဝေယံ မကစားချင်ပါ။ ကစားချင်စိတ်လည်း မရှိပါ။ သူငယ်ချင်းများ ကျောင်းသွားသည့်အချိန် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရမည့်အရေး တွေးရင်း ဝမ်းနည်း၍သာနေသည်။

"ငါ မကစားချင်တော့လို့ မင်းတို့ပဲ ကစားကြတော့ကွာ"

ထိုမျှသာပြောပြီး ဝေယံ ကျောခိုင်းခဲ့လိုက်သည်။ ထွန်းအောင်တို့တစ်တွေ နားမလည်စွာနှင့် ကျန်ရစ်ခဲ့ကြသည်။

"ဒီကောင် ဘာဖြစ်တာပါလိမ့်"ဟူသည့် မင်းနိုင်၏ ခပ်တိုးတိုး ပြောဆိုသံကိုတော့ ဝေယံကြားဖြစ်အောင် ကြားလိုက်ပါသေးသည်။ ထွန်းအောင်တို့ ပျော်ရွှင်စွာ ကစားနေကြသည်ကို မကြည့်ချင်သောကြောင့် ဝေယံ ကျောခိုင်း၍ မန်ကျည်းပင်အရိပ်တွင် ထိုင်နေလိုက်သည်။ သည်နှစ်ဆို ဝေယံ တတိယတန်း ရောက်ပြီ။ ဝေယံ ကျောင်းနေချင်သည်။ ကျောင်းသွားချင်သည်။ အဖေနှင့်အမေသည် ဝေယံ့ကို ဘာကြောင့် ကျောင်းအပ်မပေးတာလဲဆိုသည်ကို ဝေယံ စဉ်းစားမရ။ ဝေယံ ကျောင်းတက်ချင်ကြောင်းပြောလျှင် အမေ့မျက်နှာသည် အဆမတန်တင်းမာလာပြီး နောက်တစ်ခါ မပြောရန် မာမာထန်ထန် ပြောဆိုတတ်သည်။ အလုပ်အကိုင်လည်း အဆင်ပြေပါလျက်နှင့် ဝေယံ့ကို ကျောင်းမထားသည်ကို ဝေယံ စဉ်းစား၍မရပါချေ။ သည်နှစ် ကျောင်းအပ်ခလည်း ကုန်ကျစရာမရှိ။ စာအုပ်များကိုပင် နိုင်ငံတော်က အခမဲ့ပံ့ပိုးပေးကြောင်း ထွန်းအောင်က ဝမ်းပန်းတသာ ပြောဆိုသည်။ လက်ထဲတွင် ကိုင်ထားသည့် အသစ်စက်စက် စာအုပ်များကိုပင် ထွန်းအောင်က ကိုင်မြှောက်၍ ပြသွားသေးသည်။ ဤမျှ အစစအရာရာ အဆင်ပြေနေသည်ကိုပင် အဖေနှင့်အမေက ဘာကြောင့် ကျောင်းမနေစေချင်တာလဲဆိုသည်ကို ဝေယံ မည်သို့မျှပင် စဉ်းစား၍မရပါချေ။

(၂)

အဖြူ အစိမ်းလေးများနှင့် ကျောင်းသွားနေကြသည့် ထွန်းအောင်တို့ကို မြင်လေတိုင်း ဝေယံ ဝမ်းနည်းရသည်။ မျက်ရည်ပေါက်များပင် တသွင်သွင် စီးကျလာသည်။ ဝေယံ့မှာ ဘာအပြစ်တွေရှိလို့ ကျောင်းနေခွင့်မရတာလဲ။ ဘာအပြစ်တွေရှိလို့ စာသင်ခွင့် မရတာလဲ။ ကျောင်းနေချင်လွန်း၍ ငယ်ရွယ်စဉ်ကတည်းက အဖေနှင့်အမေတို့၏စကားများကို ဝေယံ နားထောင်ခဲ့သည်။ ဆရာ၊ ဆရာမများ၏ စကားများကိုလည်း နားထောင်ခဲ့သည်။ စာများကြိုးစားခဲ့သည်။ ဆုများလည်း ရခဲ့သည်။ အဖေနှင့် အမေ ဒုက္ခများ မည်စိုး၍ အများတကာကဲ့သို့ အဝတ်အစားများကို ပူဆာခြင်း၊ လွယ်အိတ်အသစ်လိုချင်ကြောင်း ပြောဆိုခြင်းများ မလုပ်ခဲ့ပါချေ။ ဆရာမ ဒေါ်ခင်နှင်းသည်ပင် လိမ်မာရေးခြားရှိပြီး စာကြိုးစားသည့် ဝေယံ ကျောင်းလာမအပ်သောကြောင့် အိမ်ထိရောက်လာပြီး အမေနှင့် တွေ့ဆုံခဲ့သေးသည်။ စကားအေးအေးနှင့် ပြောဆိုစည်းရုံးသည်ကို အမေက လက်မခံဘဲ ခက်ထန်မာကျောစွာ ပြောဆိုသည့်အတွက် ဆရာမ ဒေါ်ခင်နှင်း လှည့်ပြန်သွားရသည်။ အဖေကတော့ အေးအေးဆေးဆေးနေတတ်သူပီပီ ထွေထွေထူးထူး ဝင်ပြောသည်မရှိ။ ဝင်ပြောလျှင်လည်း အမေသည် လက်ခံမည့် လူစားမျိုးမဟုတ်။

အမေ့စိတ်များ အဘယ်ကြောင့် ဤကဲ့သို့ ခက်ထန်မာကျောသွားသည်ကို ဝေယံနားမလည်ပါချေ။ နိုင်ငံရေး၊ နိုင်ငံရေးဆိုသည့် စကားကိုတော့ အမေ မကြာခဏ ပြောဆိုတတ်သည်။ ထိုအရာကိုလည်း ဝေယံ နားမလည်ပါချေ။ တစ်နေ့တခြား ဝေယံ နားမလည်သည့်အရာများ များလာသည်။ မသိသည့်အရာများလည်း များလာသည်။ တွေးစရာများ များလာသည်။ သူငယ်ချင်းတစ်တွေ ကျောင်းသွားနေကြသောကြောင့် ဝေယံ ကစားဖော်မရှိဘဲ အတွေးရေယဉ်ကြောတွင်သာ စီးမြောနေမိတော့သည်။ ရွာကျောင်းလေးဆီမှ စာသင်၊ စာအံသံများက ဆူညံနေသည်။ ဝေယံသည် ကြားမိသည့်ကျောင်းစာများကို လိုက်လံရွတ်ဆိုရင်း ခြေလှမ်းများက ကျောင်းကလေးဆီသို့ မသိမသာ ရွေ့လျားနေသည်။ ကျောင်းအဝင် မဲဇလီပင်အောက် ရောက်သည့်အချိန်မှာတော့-

"ဝေယံ"

ကျယ်လောင်လွန်းသောအသံကြောင့် ဝေယံ့ခြေလှမ်းများ တုံ့ခနဲရပ်သည်။ အသားတို့က တဆတ်ဆတ်တုန်နေသည်။ အသံလာရာ နောက်ဘက်ဆီကို ဝေယံ လှည့်ကြည့်လိုက်သည်နှင့် လက်ကို ဆတ်ခနဲ ဆွဲယူခြင်း ခံလိုက်ရသည်။

"ဒီမှာ ဘာလုပ်နေတာလဲ။ ဒီကို မလာရဘူးလို့ ဘယ်နှခါ ပြောရမလဲ"

"သား ကျောင်းတက်ချင်တယ် မေမေ"

ဝေယံ အမေ့ကို မကြည့်ဘဲ တိုးတိုးလေး ပြောထွက်သွားသည်။

"ဘာ. . . ပြန်ပြောစမ်း ဖြန်း"

အပြောထက် အမေ့လက်က ဝေယံ့ကျောပြင်ကို အရင်မိတ်ဆက်သည်။

"မတက်ရပါဘူး။ ဘာလို့ တက်ရမှာလဲ။ ဒီကျောင်းလဲ မြန်မြန်ပျက်စီးမှ နားအေးမှာ လာ"

အမေသည် ကျောင်းကလေးဆီသို့ ကြောက်မက်ဖွယ်မျက်စောင်းထိုးကာ ပြောလိုက်ပြီး ဝေယံ့ လက်ကို ဆောင့်ဆွဲလိုက်သည်။ အမေ့ခြေလှမ်းများနောက် ဝေယံ အလိုက်သင့် ပါသွားသည်။

"သားမှာ ဘာအပြစ်ရှိလို့လဲ မေမေ။ သား စာလဲ ကြိုးစားပါ့မယ်။ အမေ့စကားလဲ နားထောင်ပါ့မယ်။ ထွန်းအောင်တို့နဲ့ အတူတူ သား ကျောင်းတက်ချင်တယ် မေမေ"

"တိတ်စမ်း။ မိဘက ကောင်းစေချင်လို့ ပြောတဲ့ဟာကို နားထောင်စမ်း။ နောက် ဆက်မပြောနဲ့။ ဆက်ပြောရင် ငါ ရိုက်မိတော့မယ်"

ဝေယံ ဆက်မပြောဝံ့တော့။ စီးကျလာသည့် မျက်ရည်စများကိုသာ အမေ မမြင်အောင် လက်ဖဝါးနှင့် သုပ်နေလိုက်မိပါသည်။

(၃)

သည်းထန်စွာ ရွာသွန်းနေသည့် မိုးရေပေါက်များကြား တစ်ယောက်တည်း ပြေးလွှားဆော့ကစားလိုက်သည်မှစ၍ ဝေယံ အပြင်းဖျား ဖျားသည်။ ဆေးထိုး၊ ဆေးသောက် လုပ်သော်လည်း တော်တော်နှင့် နာလန်မထူနိုင်ခဲ့။ အစားအသောက်လည်း မစား။ အမြဲ မှိုင်တွေနေသည့် ဝေယံ၏အခြေအနေသည် စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်လာခဲ့သည်။ ကိုလူအေးနှင့် မဒေါ်ပုံတို့ မည်သို့လုပ်ရမည်မသိဘဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကြသည်။ သားကလေး ဝေယံ့ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေကြသည်။ နာမည်ကြီး ဆေးဆရာများကို ခေါ်ယူပြသ စမ်းသပ်ကြည့်သော်လည်း လက်ဆုပ်လက်ကိုင်ပြစရာ ရောဂါဟူ၍ ရှာဖွေမရဘဲ ထူးထူးဆန်းဆန်း ဖြစ်နေသည်။ ကောင်းနိုးရာရာ ဆေးဝါးတတ်စာများကို ကျွေးပါသော်လည်း ထူးခြားလာသည်မရှိပါချေ။ ဝေယံသည် ဘာကျွေးကျွေး မက်မက်မောမော စားသည်မရှိ။ မည်သူနှင့်မျှလည်း ဖော်ဖော်ရွေရွေ စကားပြောသည်မရှိ။ ကိုလူအေးနှင့်မဒေါ်ပုံကို အဖေ၊ အမေဟုပင် တမ်းတမ်းတတ မရှိတော့သည်ထိ အခြေအနေက နားလည်ရခက်လာသည်။ မေးထူးခေါ်ပြောကိုပင် မပြောချင်၊ ပြောချင်ပုံစံနှင့် ပြောဆိုသည်။ ညဘက် အိပ်မောကျနေသည့်အချိန်ဆိုလျှင်တော့ ကယောင်ကတမ်းနှင့် စကားများ ပြောဆိုနေတတ်သည်။ တစ်ညလည်း မဟုတ်၊ နှစ်ညလည်းမဟုတ်၊ ညတိုင်းလိုလို ပြောဆိုနေခြင်းဖြစ်သည်။ တစ်ညနှင့်တစ်ည ယောင်ယမ်း ပြောဆိုနေသည့်စကားများ တူညီနေသည်ကတော့ အံ့သြဖွယ်ကောင်းလှပေသည်။ အချိန်များ အလီလီ ကုန်ဆုံးခဲ့ပေပြီ။ ဝေယံ၏ အခြေအနေကား စိတ်ချမ်းမြေ့ဖွယ် ထူးခြားတိုးတက်လာသည်မရှိပါချေ။

(၄)

သန်းခေါင်ယံအချိန် ကိုလူအေးနှင့် မဒေါ်ပုံတို့ အိပ်မောကျနေစဉ်-

"ကျောင်းတက်ချင်တယ်။ သား ကျောင်းတက်ချင်တယ်"ဟု ကယောင်ကတမ်း ထအော်လိုက်သည့် ဝေယံ၏အသံကြောင့် ကိုလူအေးရော၊ မဒေါ်ပုံပါ လန့်ဖျပ်ပြီး နိုးလာကြသည်။ ဝေယံ့ကို ကြည့်လိုက်တော့ မျက်လုံးများကမဖွင့်ဘဲ ဟိုဘက်၊ သည်ဘက် လှိမ့်နေသည်။

"သားမှာ ဘာအပြစ်ရှိလို့လဲ။ သားမှာ ဘာအပြစ်ရှိလို့ ကျောင်းမတက်ရတာလဲ။ သားကို ကျောင်းထားပေးကြပါ၊ ကျောင်းထားပေးကြပါဗျာ။ သား တောင်းပန်ပါတယ်ဗျာ"

မဖွင့်ဘဲ မှိတ်ထားသည့် ဝေယံ့မျက်လုံးများထဲမှ မျက်ရည်စများ စီးကျလာသည်။ ကိုလူအေး ဝေယံ့ကို ခပ်ဖွဖွဖက်လိုက်ပြီး မျက်ရည်စများကို အသာလေး သုတ်ပေးလိုက်သည်။ ဝေယံ ငြိမ်သက်စွာနှင့် ပြန်လည် အိပ်မောကျသွားတော့သည်။

"ဒီမယ် ဒေါ်ပုံ။ မင်း လုပ်ချင်တာသာ လုပ်တော့။ ငါ့သားလေးကို ငါ ကျောင်းထားပေးဖို့ ဆုံးဖြတ်လိုက်ပြီ။ မင်း ပြောပြောနေတဲ့ ဘာ ခံယူချက်တွေ၊ ညာ ခံယူချက်တွေလဲ ငါ နားမလည်ဘူး။ အဲဒါတွေနဲ့ ငါ့သားနဲ့လဲ ဘာမှမဆိုင်ဘူး။ အေး. . . ဘာမှ မဆိုင်တဲ့ အရာတွေအတွက်နဲ့တော့ ငါ့သားလေးရဲ့ ဘဝ၊ ငါ့သားလေးရဲ့ အနာဂတ်ကို မစတေးနိုင်ဘူးကွာ။ ဒေါ်ပုံ မင်း ကြိုက်တာ လုပ်ခွင့်ရှိတယ်။ မနက်ဖြန်ကစပြီး ငါ့သားလေးကို ငါ ကျောင်းပို့ပေးတော့မယ်"ဟု ကိုလူအေးက လေသံကိုထိန်း၍ ပြောလိုက်ပြီး သားကလေးဘေးမှာ ဝင်၍ ကွေးနေသည်။ မဒေါ်ပုံထံမှ ဘာစကားမျှထွက်မလာ။ ဝေယံ့မျက်နှာ ပြုံးယောင်သန်းသွားသည်ကိုတော့ ကိုလူအေး မြင်တွေ့လိုက်ပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၇၉၃၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ဝါစိုက်ခင်းကို တွေ့ရစဉ်။

ချောင်းဦး ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၇၉၃၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ချောင်းဦးမြို့နယ်တွင် ဝါသီးနှံ ၇၇၉၅ ဧက လျာထားစိုက်ပျိုးခဲ့ကြရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၇၉၃၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် ဝါသီးနှံဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ချောင်းဦးမြို့နယ်မှာ ဝါသီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်။ မနှစ်ကဆိုရင် ဝါသီးနှံဧက ၇၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်ဆိုရင်လဲ ဝါသီးနှံတွေ တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ဝါသီးနှံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်အတွက် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန်အတွက် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့်နည်းပညာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် စိုက်ပျိုးမည့်ဝါသီးနှံမျိုးများမှာ ချည်မျှင်ရှည်ဝါများဖြစ်သည့် ရွှေတောင်(၈)၊ ရွှေတောင် (၁၀)၊ ငွေချည်ပိုးမျိုးတို့ဖြစ်ကြောင်း၊ ဝါသီးနှံစိုက်ပျိုးမှုအနေဖြင့် ဝါသီးနှံ တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် ကျွန်းကြီးတောင်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ညောင်ရွှေ ဇွန် ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီးတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာစေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို အကျိုးရှိစွာအသုံးချပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်သည်ထိ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့်တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်ပညာရပ်များနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် မေ ၁၁ ရက်မှ ယနေ့ထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်ရိုး(မလှိုင်)



# ဘားအံမြို့နယ် ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဘားအံ ဇွန် ၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဘုရားကြိုင်ကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရတနာပြည့်လျှံကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဘုရားကြိုင်ကျေးရွာ၌ လမ်းအရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၇၄ ဒသမ ၂၅ သန်းဖြင့် ရတနာပြည့်လျှံကုမ္ပဏီက တာဝန်ယူ၍ မေလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးပါက ဘုရားကြိုင်ကျေးရွာရှိ အိမ်ခြေ ၁၁၁ အိမ်၊ လူ ၆၆၂ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်လာမည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ယော်လေး

## အဖိုးတန်လူ

\- ချစ်မေတ္တာ နှလုံးသားနဲ့
အမုန်းမပွား လူတိုင်းအပေါ်၊
စေတနာ စိတ်ထားကောင်း
ကိန်းအောင်းစဉ်နော်၊
အများအကျိုး သယ်ပိုးပျော်
ကိုယ်ကျိုးသော် ထည့်မတွက်၊
မုဒိတာ စိတ်လေးလွှမ်းလို့
ထမ်းပိုးဆောင်ရွက်။

\- ကိုယ့်တာဝန် မပျက်မကွက်
အဘက်ဘက်မှ တာဝန်ကျေ၊
ဖြူစင်ဖွယ် မေတ္တာတရားနဲ့
ရိုးသားစဉ်ပေ၊
ကရုဏာတရား ဖုံးလွှမ်းနေ
အပြုံးပန်းတွေ ဝေဆာပွင့်၊
ဆိုးကောင်းထွေ အမှန်အမှားကို
ပိုင်းခြားချိန်ချင့်။

\- ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမြှင့်ဖို့
ဉာဏ်တန်ခိုးမြှင့် ဘဝမှာ၊
ကောင်းရာကို တွေးကြံပြု
ရှေးရှုစဉ်သာ၊
မကောင်းမှုရှောင်ကြဉ်ခွာ
အောင်မြင်မှာ အမှန်မနေး၊
ဘဝကို ယုံကြည်ချက်ဖြင့်
ရှေ့ဆက်စို့လေး။ ။

ရဲသွေးနီ(တက်ဝန်)

# ပေါင်မြို့နယ် သပြေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပေါင် ဇွန် ၉

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်စရစ်ကျေးရွာနှင့် သပြေကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက သပြေကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၈၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၃ ဦးကို ငွေကျပ် ၅၉ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၈ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၆ ဦးကို အဋ္ဌမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၈၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သန္တာ

## ကနေဒါနိုင်ငံတွင် လောင်ကျွမ်းနေသောတောမီးကို ငြိမ်းသတ်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပါဝင်လျက်ရှိ



**အော့တာဝါ ဇွန် ၉**

ကနေဒါနိုင်ငံတွင် လောင်ကျွမ်းနေသောတောမီးကို ငြိမ်းသတ်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပါဝင်လျက်ရှိကြောင်း ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ ရက်စ်လာဗွန်ဒါလီယံက ဇွန် ၈ ရက်က ပြောကြားခဲ့သည်ဟု DW သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကနေဒါနိုင်ငံသည် တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ဥရောပသမဂ္ဂ၏ အကူအညီတောင်းခံထားရာ ဥရောပသမဂ္ဂအနေဖြင့်လည်း ချက်ချင်းတုံ့ပြန်ဆောင်ရွက်ပေးခဲ့ကြောင်း ရက်စ်လာဗွန်ဒါလီယံက ပြောကြားသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှု ငြိမ်းသတ်ရေးလုပ်ငန်းများတွင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဖြစ်သော ပြင်သစ်၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့မှ မီးသတ်သမားဦးရေ ၂၈၀ ကျော် ပါဝင်ကူညီပေးလျက်ရှိရာ စပိန်နိုင်ငံက နောက်ထပ် မီးသတ်သမား ဦးရေ ၁၀၀ နှင့် ပေါ်တူဂီနိုင်ငံက မီးသတ်သမားဦးရေ ၁၀၀ ထပ်မံစေလွှတ်ပေးရန် ကတိပြုထားကြောင်း သိရသည်။

ကနေဒါနိုင်ငံအနေဖြင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများအတွက် အမေရိကန်နိုင်ငံကိုလည်း အကူအညီတောင်းခံထားရာ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ကနေဒါတောမီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် မီးငြိမ်းသတ်ရေး လေယာဉ်များအပါအဝင် မီးငြိမ်းသတ်ရေးပစ္စည်းများနှင့်မီးသတ်သမားများပါ အမြန်ဆုံးပါဝင်ကူညီရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။ AZH

## စပိန်နိုင်ငံတွင် ၁၉၆၁ ခုနှစ်နောက်ပိုင်း ဒုတိယမြောက်အခြောက်သွေ့ဆုံးနှင့် အပူချိန်အမြင့်ဆုံးသောနွေဦးရာသီဖြင့် ရင်ဆိုင်နေရ

**မက်ဒရစ် ဇွန် ၉**

စပိန်နိုင်ငံတွင် ၁၉၆၁ ခုနှစ်နောက်ပိုင်း ဒုတိယမြောက် အခြောက်သွေ့ဆုံးနှင့် အပူချိန်အမြင့်ဆုံးသော နွေဦးရာသီဖြင့် ရင်ဆိုင်နေရကြောင်း Le Monde သတင်းဌာနက ဇွန် ၈ ရက်တွင် ဖော်ပြခဲ့သည်။

စပိန်နိုင်ငံတွင် ယခုနှစ်အတွင်း မိုးခေါင်ရေရှားသည့် ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဒေသအမြောက်အမြားရှိနေပြီး နွေဦးကာလအတွင်း အပူချိန်မြင့်တက်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်လည်း အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"ဒီနှစ်နွေဦးရာသီဟာ စပိန်နိုင်ငံအတွက်တော့ အခက်အခဲတွေများစွာနဲ့ ရင်ဆိုင်နေရတဲ့ နွေဦးရာသီဖြစ်ပါတယ်။ ဒီအခြေအနေကို အမြန်ဆုံးကျော်ဖြတ်နိုင်ဖို့ လိုပါတယ်"ဟု စပိန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရူဘင်ဒယ်ကမ်ပိုက ပြောကြားခဲ့သည်။

မိုးခေါင်သည့်ပြဿနာကြောင့် သံလွင်ဆီထုတ်လုပ်မှုကဏ္ဍမှာလည်း အခက်အခဲများရှိနေပြီး ယခုနှစ်အတွင်း သံလွင်ဆီထုတ်လုပ်မှုမှာ သိသိသာသာ လျော့ကျလာဖွယ်ရှိနေကြောင်း၊ ဒုတိယမြောက် အခြောက်သွေ့ဆုံးနှင့် အပူချိန်အမြင့်မားဆုံးသော နွေဦးရာသီဖြင့် ရင်ဆိုင်နေရခြင်းကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း စပိန်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

စပိန်နိုင်ငံတွင် မတ် ၁ ရက်မှ ဇွန် ၁ ရက်အတွင်း အပူချိန်မြင့်တက်မှုမှာ ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၁၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားခဲ့ကြောင်းလည်း စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။ **ခိုင်းဆက်**



## ကနေဒါနိုင်ငံအခြေစိုက် ရေနံတင်သင်္ဘောနှစ်စီးကို ပီရူးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများ တိုက်ခိုက်

**အော့တာဝါ ဇွန် ၉**

ကနေဒါနိုင်ငံအခြေစိုက် PetroTal ကုမ္ပဏီပိုင် ရေနံတင်သင်္ဘောနှစ်စီး ပီရူးနိုင်ငံရှိ အမေဇုန်သစ်တောဒေသအနီး ဖြတ်သန်းစဉ် ပီရူး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများက ဇွန် ၇ ရက်တွင် ဆန္ဒထုတ်ဖော်ရာမှ တိုက်ခိုက်ခဲ့ကြောင်း Rotasi သတင်းဌာနက ဇွန် ၈ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ သင်္ဘောနှစ်စီးသည် တစ်စီးလျှင် ရေနံစည် ၄၀၀၀၀ ထိ တင်ဆောင်လာပြီး ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရန် ပီရူးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်နေသော်လည်း ပီရူးအစိုးရက ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချလာခြင်းမရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူ ဌာနေတိုင်းရင်းသားမျိုးနွယ်စုများက အဆိုပါ ရေနံတင်သင်္ဘောနှစ်စီးကို ဆန္ဒထုတ်ဖော်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပီရူးနိုင်ငံရဲ့ နယ်နိမိတ်အတွင်းမှာရှိတဲ့ အမေဇုန်သစ်တောဒေသကို PetroTal ကုမ္ပဏီပိုင် ရေနံတင်သင်္ဘောနှစ်စီး ဖြတ်သန်းမောင်းနှင်စဉ်မှာ ဆန္ဒထုတ်ဖော်ပြီး တိုက်ခိုက်မှုတွေပြုလုပ်ခဲ့လို့ ရေနံတင်သင်္ဘောနှစ်စီးပျက်စီးသွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပီရူးအစိုးရကိုလဲ အသိပေး အကြောင်းကြားထားပါတယ်"ဟု PetroTal ကုမ္ပဏီမှ မန်နေဂျာဖြစ်သူ မယ်ဒိုနာဒိုက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံအခြေစိုက် PetroTal ကုမ္ပဏီပိုင် အဆိုပါ ရေနံတင်သင်္ဘောနှစ်စီးသည် ဘရာဇီးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေနံတူးဖော်ရေးလုပ်ကွက်မှ တင်ဆောင်လာသည့် ရေနံများဖြစ်ပြီး ပီရူးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ကြားဖြတ်ဆန္ဒထုတ်ဖော်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေနံတင်သင်္ဘော နှစ်စီးကို ဆန္ဒထုတ်ဖော်တိုက်ခိုက်ခဲ့ကြသူများမှာ ပီရူးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများအဖွဲ့အစည်းဖြစ်သည့် Aid-ecobap အဖွဲ့ဝင်များဖြစ်ကြပြီး ရေနံတင်သင်္ဘောနှစ်စီး အမေဇုန်သစ်တောအနီးရှိ အမေဇုန်မြစ်လက်တက်ကို ဖြတ်သန်းသွားစဉ် တိုက်ခိုက်ခဲ့ကြခြင်းလည်းဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

## ဖိလစ်ပိုင်နိုင်ငံရှိ မေယွန်မီးတောင်မှ ဓာတ်ငွေ့နှင့်ချော်ရည်များ ထုတ်လွှတ်မှုကြောင့် မီးတောင်ဆိုင်ရာသတိပေးချက် အဆင့်မြှင့်တင်

**မနီလာ ဇွန် ၉**

ဖိလစ်ပိုင်နိုင်ငံရှိ မေယွန်မီးတောင်မှ ယခုရက်ပိုင်းအတွင်း ဓာတ်ငွေ့နှင့် ချော်ရည်များထုတ်လွှတ်မှုကြောင့် မီးတောင်ဆိုင်ရာသတိပေးချက်ကို ဇွန် ၈ ရက်က အာဏာပိုင်များက အဆင့်မြှင့်တင်ခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ဇွန် ၈ ရက်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ အယ်လ်ဘာပြည်နယ်ရှိ မေယွန်မီးတောင်သည် ယခုတစ်ပတ်အစောပိုင်းမှစတင်၍ ဓာတ်ငွေ့ထုတ်လွှတ်မှုပိုမိုများပြားလာခြင်း၊ မီးတောင်ထိပ်ဝမှ ချော်ရည်နှင့် ကျောက်တုံး၊ ကျောက်ခဲများ စီးဆင်းလာခြင်းတို့ကြောင့် ဖိလစ်ပိုင် မီးတောင်နှင့် ဘူမိဗေဒဆိုင်ရာ ပြည်နယ်အာဏာပိုင်များက အန္တရာယ်သတိပေးချက် အဆင့်(၃) သို့မြှင့်တင်ခဲ့ပြီး မကြာမီရက်ပိုင်းအတွင်း သို့မဟုတ် ရက်သတ္တပတ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားနိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မီးတောင်ပေါက်ကွဲနိုင်သဖြင့် မီးတောင်နှင့် ခြောက် ကီလိုမီတာအချင်းဝက်အတွင်း နေထိုင်သောဒေသခံများအနေဖြင့် ဘေးကင်းသောနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် အာဏာပိုင်များက ညွှန်ကြားထားကြောင်း သိရသည်။

မေယွန်မီးတောင်သည် ဇွန် ၈ ရက်က ဓာတ်ငွေ့နှင့်မီးခိုးပြာများကို သုံးကြိမ်တိုင်တိုင် ထုတ်လွှတ်ခဲ့ပြီး ချော်ရည်နှင့် ကျောက်တုံးများသည် မီးတောင်အရှေ့ဘက် လျှိုအတွင်းသို့ တစ်ကီလိုမီတာခန့် စီးဆင်းရောက်ရှိခဲ့ကြောင်း သိရသည်။

မေယွန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ အတက်ကြွဆုံးမီးတောင် နှစ်ဒါဇင်ခန့်တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၁၈ ခုနှစ်က ပြင်းထန်စွာ ပေါက်ကွဲခဲ့မှုကြောင့် လူသောင်းနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မေယွန်မီးတောင်ကဲ့သို့ အန္တရာယ်သတိပေးချက် အဆင့်မြှင့်တင်ထားသော တားလ်မီးတောင်နှင့် ကန်လောင်မီးတောင်များသည်လည်း လှုပ်ရှားမှုများတိုးလာသဖြင့် စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AZH

## မလေးရှားနိုင်ငံတွင် ဇွန်လမှစတင်၍ အယ်လ်နီညိုရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**ကွာလာလမ်ပူ ဇွန် ၉**

မလေးရှားနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုမြန်ဆန်နေပြီး ဇွန်လမှစ၍ အယ်လ်နီညိုရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း မလေးရှားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ZAWYA သတင်းဌာနက ဇွန် ၈ ရက်တွင် ဖော်ပြခဲ့သည်။

အယ်လ်နီညိုရာသီဥတုသည် နိုဝင်ဘာလတွင် အခြေအနေအဆိုးရွားဆုံးအဆင့်ထိ ရောက်ရှိလာနိုင်ပြီး မိုးရွာသွန်းမှုမှာလည်း သိသိသာသာ လျော့ကျလာဖွယ်ရှိနေကြောင်း မလေးရှားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဒီဇွန်လကနေစတင်ပြီးတော့ မလေးရှားနိုင်ငံမှာ အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်ပါတယ်။ နိုဝင်ဘာလမှာလဲ အခြေအနေတော်တော်လေးဆိုးရွားနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုတွေလဲ ကာလရှည်ကြာသွားနိုင်ပါတယ်။ အပူချိန်ပမာဏဟာ ၃၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ပါတယ်။ နိုဝင်ဘာလမှာ ပုံမှန်မိုးရွာသွန်းလေ့ရှိတဲ့ပမာဏအောက် ၂၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းထိလျော့ကျသွားနိုင်ပါတယ်။ အချို့ဒေသတွေမှာဆိုရင် အယ်လ်နီညိုရာသီဥတုဟာ လာမဲ့နှစ် ဧပြီလထိ ရှည်ကြာသွားနိုင်ပါတယ်။ ဒါကြောင့် အပူချိန်မြင့်တက်မှုဟာလဲ ကာလရှည်ကြာသွားနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ဆီအုန်းထုတ်လုပ်မှုတွေလဲ လျော့ကျသွားနိုင်ပါတယ်"ဟု မလေးရှား သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး နစ်ခ်နက်ဇ်မီက ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတု အဆိုးရွားဆုံးသောအခြေအနေသို့ရောက်ရှိလာနိုင်သော နိုဝင်ဘာလတွင် မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းလေ့ရှိသည့်ပမာဏအောက် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ လျော့ကျဖွယ်ရှိနေကြောင်း၊ အယ်လ်နီညိုရာသီဥတုသည် ဒေသတချို့တွင် လာမည့်နှစ် ဧပြီလထိ ကာလရှည်ကြာသွားနိုင်သည့်အတွက် အပူချိန်မြင့်တက်မှုဒဏ်ကို ကာလရှည်ရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း မလေးရှား သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ခြလိုလူသား

လင်းသွေးအိမ်(ကျိုက်မရော)

အိမ်တစ်အိမ်၊ အဆောက်အအုံတစ်ခု၊ သစ်ပင်တစ်ပင်ကို ခြဆိုသောသတ္တဝါများ အစုအဖွဲ့ဖွဲ့ပြီးဆိုမှဖြင့် သေချာပါသည် တတိတိဖြင့် ကွဲအက်ပြိုကျတော့မည်သာဖြစ်သည်။ ခြတို့သည် အကောင်သေးသော်လည်း စုဖွဲ့မှုအားကောင်းသကဲ့သို့ စားသောက်ဝါးမျိုမှုက အံ့မခန်း မြန်ဆန်သွက်လက်ကြသည်။ မာကျောကျစ်လျစ်သောအိမ်တိုင်များကို ခြစားပြီဆိုလျှင် အချိန်မီသိလျှင်သိ၊ မသိလျှင် ထိုအိမ်တိုင်သည် ခြစားမှုကြောင့် သေးလိုချုံးကျကာ ပြတ်တောက်ပြိုလဲရန် မခက်ခဲတော့ပါ။ တစ်ဖန် ခြသတ္တဝါကိုမကောင်းသောညဉ့်ဆိုးကား ၎င်းတို့နေထိုင်အမှီပြုသော သစ်ဝါးနှင့် ပရိဘောဂအဆောက်အအုံတို့ကို အစုအဖွဲ့အားဖြင့် ဖျက်ဆီးပစ်တတ်ကြခြင်းပင်ဖြစ်သည်။

လူသားမှန်လျှင် အစုအဖွဲ့နှင့် နေထိုင်ကြသည်မှာ သဘာဝဖြစ်သည်။ မည်သူမျှ ထီးတည်းရပ်တည်၍ မနေကြပေ။ စုပေါင်းနေထိုင်ကြခြင်းဖြင့် သဘာဝတရားနှင့်ပေါင်းစပ်ကာ လောကကိုအလှဆင်ကြသည်။ မိသားစုအလိုက်၊ ဆွေမျိုးအသိုင်းအဝိုင်းအလိုက် စုပေါင်း၍နေထိုင်တတ်ကြသကဲ့သို့ ပတ်ဝန်းကျင်မြို့ရွာမှ လူမှုအသိုင်းအဝိုင်းနှင့်လည်း သဟဇာတဖြစ်အောင် နေထိုင်၍ မြို့၊ ရွာ၊ ရပ်ကွက်အကျိုးကို မိမိတတ်နိုင်သည့်ဘက်က ကူညီဆောင်ရွက်ပေးတတ်ကြသည်။ ထိုမှတစ်ဆင့် မိမိနေထိုင်သော နိုင်ငံတော်၏အကျိုးကို ထမ်းရွက်ခြင်းပင်ဖြစ်သည်။ လူသားတို့သည် ကမ္ဘာဦးအစမှ ယနေ့ထက်တိုင်အောင် လူမျိုးအလိုက်၊ ဘာသာအလိုက် စုဖွဲ့နေထိုင်ကြသည်။ ထိုအစုအဖွဲ့များသည် ကမ္ဘာ့မြေပုံနေရာဒေသအနှံ့အပြားကို စိုးမိုးမှုနေရာယူ၍ ရှိနေခဲ့ကြသည်။

ကမ္ဘာကြီးကို တိုက်ကြီး ခုနစ်တိုက်ဖြင့်ဖွဲ့စည်းထားသည်။ ထိုတိုက်ကြီးများမှာ-

၁။ အာရှတိုက်
၂။ အာဖရိကတိုက်
၃။ မြောက်အမေရိကတိုက်
၄။ တောင်အမေရိကတိုက်
၅။ ဥရောပတိုက်
၆။ ဩစတြေးလျတိုက်
၇။ အန္တာတိကတိုက် တို့ဖြစ်သည်။

ထိုတိုက်ကြီးခုနစ်တိုက်ပေါ်၌ လူသားမျိုးစုများစွာစုဖွဲ့၍ နိုင်ငံပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ရှိကြသည်။ နိုင်ငံအလိုက်၊ လူမျိုးအလိုက် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ၊ ဓလေ့ထုံးတမ်းဆိုင်ရာ၊ အုပ်ချုပ်မှုစနစ်ဆိုင်ရာတို့က မတူကွဲပြားမှုများဖြင့် ရှိနေခဲ့ကြသည်။ ကမ္ဘာဦးအစမှသည် ယနေ့တိုင်အောင် လူသားမျိုးနွယ်စုများအားလုံးသည် မိမိနေထိုင်ရာပတ်ဝန်းကျင်၊ မိမိနေထိုင်ရာဒေသ၊ မိမိနေထိုင်ပေါက်ဖွားရာနိုင်ငံကို ကောင်းမွန်တိုးတက်စေရန် နည်းလမ်းပေါင်းစုံဖြင့် ပြုပြင်နေထိုင်လုပ်ဆောင်ခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာတိုးတက်မှု၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများကို တဖြည်းဖြည်းပြုပြင်ပြောင်းလဲကြရင်းဖြင့် မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ကြီးပြင်းရာဒေသ၊ မိမိတို့နေထိုင်သော နိုင်ငံတော်ကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးစားကြသည်။ ရုပ်ပိုင်းဆိုင်ရာဖြင့်ဖွံ့ဖြိုးမှုအတွက် နိုင်ငံတော်ကို အဘက်ဘက်က ပြုပြင်နေကြသကဲ့သို့ စိတ်ပိုင်းဆိုင်ရာအတွက်လည်း ဘာသာရေးအဆုံးအမဖြင့်လည်းကောင်း၊ ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများဖြင့်လည်းကောင်း တိုးတက်ကောင်းမွန်အောင် ကြိုးစားအားထုတ်ကြသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဘက်ဘက်က လုပ်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အခြေခံအကျဆုံးဖြစ်သကဲ့သို့ လူသားတို့၏ကာယအား၊ ဉာဏအားသည်လည်း အဓိကမဏ္ဍိုင်ဖြစ်သည်။ ပညာအရင်းအမြစ် ကောင်းမှ၊ လူသားအရင်းအမြစ်ကောင်းမှ နိုင်ငံတော်တိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

**❖နိုင်ငံတစ်နိုင်ငံ၌ တည်ဆောက်သူရာခိုင်နှုန်းများလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်မည်ဖြစ်ပြီး ထိုဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များကို ဖျက်လိုဖျက်ဆီးပြုသူအရေအတွက်အချိုးများလာလျှင် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ ရပ်တန့်ပြတ်တောက်သွားနိုင်သည်။ ကမ္ဘာ့နိုင်ငံတိုင်း၌ အဖျက်အုပ်စုများရှိကြသည်။ သို့သော် ရာခိုင်နှုန်းနည်းပါးခြင်း၊ ဥပဒေကိုကြောက်ရွံ့ကြခြင်းကြောင့် ထင်သာမြင်သာအဆင့်သို့မရောက်ဘဲ သာမန်ဖြစ်စဉ်များလောက်နှင့်သာ ပြီးဆုံးသွားတတ်သော်လည်း အချို့သောနိုင်ငံများတွင် အကြမ်းဖက်မှုဖြစ်စဉ်များက ထင်သာမြင်သာ ကမ္ဘာသိဖြစ်ခဲ့ကြသည်။ ❖**

လူသားအရင်းအမြစ်ကောင်း၊ ပညာတတ်အရင်းအမြစ်ကောင်း၊ သယံဇာတအရင်းအမြစ်ကောင်းတို့ဖြင့် တည်ဆောက်ထားသောနိုင်ငံတစ်နိုင်ငံသည် အခြေခံအုတ်မြစ်ကောင်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အဆောက်အအုံတစ်ခုနှင့် ပမာတူပေသည်။ ရေရှည်တည်တံ့သကဲ့သို့ တိုးတက်မှုမြန်ဆန်၍ ကမ္ဘာ့အလယ်ဝင့်ထည်မော်ကြွားနိုင်ကြသည်။ ပြည်တွင်းအား သိပ်သည်းကျစ်လျစ်၍ အမှောင့်ပယောဂကင်းစင်နည်းပါးသည်။ နိုင်ငံကို ပျက်စီးရာပျက်စီးကြောင်းပြုသူလူတန်းစားနည်းပါးသည်။ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိ၍ နိုင်ငံတော်အကျိုးကို ဦးထိပ်ပန်ဆင်သူ၊ နိုင်ငံတော်နှင့်လူမျိုးကိုချစ်မြတ်နိုးသူ ရာခိုင်နှုန်းများပြားသည်ဟု ဆိုရပေမည်။ လူမျိုးတစ်မျိုးသည် မိမိလူမျိုးကိုချစ်ရမည်။ ထို့အတူ နိုင်ငံသားတိုင်းသည်လည်း မိမိနိုင်ငံတော်ကိုချစ်သည့်စိတ်များထားရှိရမည်။ နိုင်ငံနှင့်လူမျိုးကို တန်ဖိုးမထားခြင်း၊ မချစ်မနှစ်သက်ခြင်းသည် ထိုလူမျိုး၊ ထိုနိုင်ငံအတွက် အလွန်ကြောက်မက်ဖွယ်ကောင်းသော ကျေးဇူးသစ္စာကို ဖောက်ဖျက်သူသာဖြစ်သည်။ ထိုစိတ်ဓာတ်မျိုး အင်အားစုဖွဲ့မှုကောင်းလာလျှင် နိုင်ငံနှင့်လူမျိုးအတွက် အန္တရာယ်ကြီးမားလာမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၌ တည်ဆောက်သူရာခိုင်နှုန်းများလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မည်ဖြစ်ပြီး ထိုဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များကို ဖျက်လိုဖျက်ဆီးပြုသူအရေအတွက်အချိုးများလာလျှင် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်များ ရပ်တန့်ပြတ်တောက်သွားနိုင်သည်။ ကမ္ဘာ့နိုင်ငံတိုင်း၌ အဖျက်အုပ်စုများရှိကြသည်။ သို့သော် ရာခိုင်နှုန်းနည်းပါးခြင်း၊ ဥပဒေကိုကြောက်ရွံ့ကြခြင်းကြောင့် ထင်သာမြင်သာအဆင့်သို့ မရောက်ဘဲ သာမန်ဖြစ်စဉ်များလောက်နှင့်သာ ပြီးဆုံးသွားတတ်သော်လည်း အချို့သောနိုင်ငံများတွင် အကြမ်းဖက်မှုဖြစ်စဉ်များက ထင်သာမြင်သာ ကမ္ဘာသိဖြစ်ခဲ့ကြသည်။

ISIS၊ ARSA အဖွဲ့စသည်တို့သည် အကြမ်းဖက်ဝါဒကိုဖက်တွယ်ထားပြီး ကမ္ဘာသိဖြစ်ခဲ့သော အကြမ်းဖက်အုပ်စုများဟုမှတ်ယူနိုင်သည်။ အကြမ်းဖက်အုပ်စုရာခိုင်နှုန်း များလာသည်နှင့်အမျှ နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေးကို အနည်းနှင့်အများထိခိုက်စေသည်။ အကြမ်းဖက်မှုရှိသောနိုင်ငံအတွင်း၌ နေထိုင်ကြသောပြည်သူများအတွက် လုံခြုံမှုကင်းမဲ့ခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးသတ်ဖြတ်မှုခံရခြင်း၊ ပညာရေးအခန်းကဏ္ဍတို့ဆုံးရှုံးခြင်း၊ စီးပွားရေးအခန်းကဏ္ဍပျက်စီးခြင်း၊ ကျန်းမာရေးအခန်းကဏ္ဍဆုံးရှုံးခြင်း၊ အိုးအိမ်နှင့်နေရာဒေသကို စွန့်ခွာထွက်ပြေးရခြင်းတို့ဖြင့် ရင်ဆိုင်ကြရသည်။ အကြမ်းဖက်အုပ်စုတို့ ကြီးစိုးမင်းမူရာဒေသတွင်း၌ တရားဥပဒေစိုးမိုးရေးနှင့်အုပ်ချုပ်ရေးစနစ်တို့ ရပ်တန့်သွား၍ မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များ၏ဆိုးကျိုးကို ပြည်သူများခံစားရခြင်းတို့ဖြင့် ရင်ဆိုင်တွေ့ကြုံကြရသည်။

နိုင်ငံသားတိုင်းသည် မိမိနေထိုင်သောနိုင်ငံတော်ကို မိမိစွမ်းနိုင်သလောက် တည်ဆောက်ပေးရမည်၊ ကာကွယ်ပေးရမည်သာဖြစ်သည်။ မိမိ၏မိသားစုနေထိုင်သောအိမ်ရာကို လုံခြုံမှုရှိစေရန်၊ ကြံ့ခိုင်မှုရှိစေရန်၊ နေချင်စဖွယ်ဖြစ်စေရန် ပြုပြင်ထိန်းသိမ်းသကဲ့သို့ အမိနိုင်ငံတော်ကြီးကိုလည်း မိမိ မိသားစုနေထိုင်သော အိမ်ရာကဲ့သို့ သဘောထားပေးရမည်ဖြစ်သည်။ အိမ်သာ၍ ဧည့်လာ ဆိုသည့်စကားရပ်နှင့်အညီ မိမိမိသားစုချစ်ခင်စည်းလုံးမှု၊ မိမိအိမ်ခြံဝင်းနှင့် မိမိနေထိုင်သောအိမ်ရာ တောက်ပြောင်သန့်ရှင်းမှုနှင့်အတူ မိမိတို့အိမ်ရာကို အလည်အပတ်လာရောက်သူများကို ဖော်ရွေပြုံးရွှင်စွာဆက်ဆံမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကလည်း အိမ်သာ၍ ဧည့်လာခြင်းဂုဏ်ပုဒ်နှင့် ညီညွတ်ပါသည်။

မိမိ၏မိသားစုအတွင်း ပဋိပက္ခဖြစ်မှု၊ မညီညွတ်မှု၊ သူတစ်လူငါတစ်မင်း မာနပြိုင်တင်းမှုများနှင့် သဟဇာတမဖြစ်ကြလျှင် မိမိ၏အိမ်ရာ မသာယာတော့သကဲ့သို့ မည်သည့်ဧည့်သည်မျိုးမျှ လာရောက်ကြမည်မဟုတ်တော့ပါ။ ပဋိပက္ခများနှင့် ပွတ်တိုက်မှုများ အင်အားကြီးထွားနေလျှင် မတည်ငြိမ်မှုများက နေရာယူလာကြသည်။ မိမိမိသားစု၏ ပဋိပက္ခက အနီးပတ်ဝန်းမှနေအိမ်များကို စိတ်အနှောင့်အယှက်ဖြစ်လာသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုသည်လည်း အိမ်နီးနိုင်ငံများသို့ ဂယက်ရိုက်စေသည့်အပြင် ဒေသတွင်းမတည်ငြိမ်သော နိုင်ငံတစ်နိုင်ငံအဖြစ် မှတ်ချက်ပြုခံရမည်မှာ မလွဲကေန်ဖြစ်သည်။ နိုင်ငံတော်အတွင်း အဖျက်အမှောင့်လုပ်သူတို့သည် ခြနှင့်တူသည်။ မိမိနေထိုင်သော အဆောက်အအုံကို အမှီအတွယ်ပြုနေထိုင်ပြီး ထိုအဆောက်အအုံပင် ကိုက်ဖြတ်ဝါးမျိုပစ်ကြသည်။ အချိန်မီမတားဆီးနိုင်လျှင် လဲပြိုကျသည်အထိပင် ဖျက်ဆီးခံရတတ်သည်။

မိုင်းစွဲခံဘဝမှသည် အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ ပယောဂများ ဝင်ရောက်ပူးကပ်လာရာမှ အကြမ်းဖက်အဖြစ်သို့ ပြောင်းလဲသွားပြီး နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများကို ဖျက်လိုဖျက်ဆီးလုပ်ကိုင်မှုနှင့်အတူ အကြမ်းဖက်သမားလုံးလုံးဖြစ်ခဲ့ကြရသည်။ ဘာသာသနာ၊ မိမိလူမျိုးများ၏ဘဝနှင့် မိသားစုတို့၏ အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးပစ်ခဲ့ကြသည်။ လူမျိုးခြားတို့၏ စော်ကားရန်ပြုမှုကို မျိုးချစ်စိတ်ဖြင့် ကာကွယ်စောင့်ရှောက်ရမည့်အစား ကိုယ့်လူမျိုးအချင်းချင်းအပေါ် အကြမ်းဖက်ခြင်းက လူယဉ်ကျေးတို့နေထိုင်သည့် ဗုဒ္ဓဘာသာနိုင်ငံနှင့် လားလားမျှ မသက်ဆိုင်တော့ပါ။ အကြမ်းဖက်ခြင်းနှင့်အတူ ယှဉ်တွဲ၍ပါလာသော ငါးပါးသီလကို ကျူးလွန်ဖောက်ဖျက်ခြင်းများက ပိုမို၍ပင်ဆိုးရွားလှသည်။ ငါးပါးသီလကျိုးပေါက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများက အပြစ်မဲ့ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် များစွာကို ထိခိုက်ပျက်စီးစေသဖြင့် ခြနှင့်တူသော အကြမ်းဖက်သူများ အမြန်ချုပ်ငြိမ်းပါစေဟုသာ ဆုတောင်းနေရတော့မည်ဖြစ်ပါသည်။

# ရွှေကျင်မြို့နယ် ဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှေကျင် ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရွှေကျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုဇင်သိန်း(နည်းပညာ)က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုဇင်သိန်း (နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၆၆၆၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေကျင်မြို့နယ် ဆုံကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၆ ဦးကို ငွေကျပ် ၃၃၉၈၀၀၀၀၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၉၇ ဦးကို ငွေကျပ် ၁၈၀၆၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၄၆၂၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၆၆၆၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့ ၂၀၂၂-၂၀၂၃ ခုနှစ်ရဲ့ ဘွန်ဒက်လီဂါဘောလုံးရာသီ

ML




၂၀၂၂-၂၀၂၃ ဘွန်ဒက်လီဂါ ဘောလုံးရာသီကိုတော့ ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက်မှာ စတင်ခဲ့တာဖြစ်ပြီး ၂၀၂၃ ခုနှစ် မေ ၂၇ ရက်မှာ ရာသီပိတ်သိမ်းခဲ့တာဖြစ်ပါတယ်။ ဘွန်ဒက်လီဂါပြိုင်ပွဲရဲ့ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကိုတော့ ဇူလိုင် ၁ ရက်ကနေ စတင်ပြီး စက်တင်ဘာ ၁ ရက်မှာ ပိတ်သိမ်းခဲ့သလို ဒုတိယရာသီဝက် ဆောင်းရာသီ အပြောင်းအရွှေ့ကာလကိုတော့ ဇန်နဝါရီ ၁ ရက်မှာ စတင်ခဲ့ပြီးတော့ ဇန်နဝါရီ ၃၁ ရက်မှာ ပိတ်သိမ်းခဲ့တာကို တွေ့ရမှာပါ။ အဲဒီကာလတွေမှာ ကစားသမားသစ် ၃၃၉ ဦးထိ ခေါ်ယူခဲ့ရာမှာ ပြောင်းရွှေ့ကြေး ယူရို ၅၀၅ သန်းကျော်သုံးစွဲခဲ့သလို ကစားသမားပြန်လည်ရောင်းချမှုမှာ ၃၃၃ ဦး အတွက် ယူရို ၆၀၆ သန်းကျော်ရရှိခဲ့တာကြောင့် အမြတ်ငွေ ၅၃ သန်း ကျော်ရရှိခဲ့တာကိုလဲ တွေ့ရမှာပါ။ ဘောလုံးရာသီပိတ်သိမ်းချိန်မှာတော့ ဘိုင်ယန်မြူးနစ်အသင်းက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ၁၁ ကြိမ်ဆက်တိုက် ဘွန်ဒက်လီဂါဆုဖလားကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ဘွန်ဒက်လီဂါ သမိုင်းမှာ ချန်ပီယံဆုဖလား ၃၃ ကြိမ်ထိရယူနိုင်ခဲ့လို့ အောင်မြင်မှုအများဆုံး အသင်းအဖြစ်လဲ ရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။

### ကြိုတင်ပြင်ဆင်မှုနှင့် အမှတ်ပေးဇယားရပ်တည်မှု

ဘွန်ဒက်လီဂါပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်းပေါင် ၁၈ သင်းကို အိမ်ကွင်း၊ အဝေးကွင်း ကစားခဲ့ရသလို အသင်းတစ်သင်းကို ၃၄ ပွဲထိ ကစားခဲ့ရတာကို တွေ့ရမှာပါ။ ဒ့ါပြင် နောက်ဆုံးပွဲစဉ်မှာ ရမှတ်တူနေပါက ဂိုးကွာခြားချက်ပေါ်မူတည်ပြီး အဆင့်သတ်မှတ်တဲ့စနစ်နဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဘွန်ဒက်လီဂါဟာ ဘောလုံးအဆင့်အတန်းမြင့်မားတဲ့ လိဂ်ဖြစ်တာကြောင့် အသင်း ၁၈ သင်းကစားရပေမဲ့ ချန်ပီယံလိဂ် ဝင်ခွင့်လေးနေရာ၊ ယူရိုပါလိဂ်ဝင်ခွင့် နှစ်နေရာနဲ့ ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့် တစ်နေရာ ရရှိထားတာလဲဖြစ်ပါတယ်။

ဘွန်ဒက်လီဂါမှာ ငွေကြေးအမြောက်အမြားသုံးစွဲခဲ့တဲ့ အသင်းကတော့ ဘိုင်ယန်မြူးနစ်အသင်းဖြစ်ပါတယ်။ ပြောင်းရွှေ့ကြေး ယူရို ၁၄၆ ဒသမ ၅ သန်းထိ အသုံးပြုခဲ့တာကြောင့် ငွေကြေးအများဆုံးအသုံးပြုထားတဲ့ အသင်းအဖြစ်ရပ်တည်ခဲ့သလို ကစားသမားပြန်လည်ရောင်းချမှုအတွက် ယူရို ၄၂ ဒသမ ၄ သန်းထိ အရှုံးပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဘောလုံးရာသီပိတ်သိမ်းချိန်မှာတော့ ၂၁ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ငါးပွဲရှုံး ရလဒ်နဲ့ ရမှတ် ၇၁ မှတ်ထိရရှိခဲ့တာကြောင့် ဒေါ့မွန်အသင်းကို ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အသာရခဲ့ပြီး ဘွန်ဒက်လီဂါ အမှတ်ပေးချန်ပီယံဆုကို ရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ၂၀၁၃ ခုနှစ်က စတင်ပြီး ဘောလုံးရာသီ ၁၁ ရာသီဆက်တိုက် ဆုဖလားရယူနိုင်တဲ့ အသင်းအဖြစ်လဲ မှတ်တမ်းဝင်ခဲ့တာကိုတွေ့ရမှာပါ။

ဒုတိယငွေကြေးသုံးစွဲမှု အများဆုံးအသင်းကတော့ ဒေါ့မွန်အသင်း ဖြစ်ပြီး စုစုပေါင်း ယူရို ၁၀၄ သန်းထိ သုံးစွဲခဲ့တာကို တွေ့ရမှာပါ။ ကစားသမားရောင်းချမှုမှာတော့ ယူရို သုည ဒသမ ၅ သန်းရရှိခဲ့တာကြောင့် စုစုပေါင်း ၇၉ ဒသမ ၅ သန်းပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ကစားသမားဝယ်ယူရောင်းချမှုမှာ ယူရို ၂၅ ဒသမ ၁ သန်းလိုငွေပြခဲ့တာကို တွေ့ရမှာပါ။ ဘောလုံးရာသီ ပြီးဆုံးချိန်မှာတော့ ၂၂ ပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၇၁ မှတ်ရရှိခဲ့ပေမဲ့ ဘိုင်ယန်မြူးနစ်အသင်းကို ဂိုးကွာခြားချက်ကြောင့် အဆင့်(၂)မှာပဲ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုကို လက်လွှတ်ခဲ့ရတာကို တွေ့ရမှာပါ။

နောက်ထပ်အသင်းကတော့ လိုက်ပ်ဇစ်အသင်းဖြစ်ပြီး ဟော်ဖန်ဟိမ်း အသင်းက ဒေးဗစ်ရမ်ကို ယူရို ၂၆ သန်း၊ ချဲလ်ဆီးတိုက်စစ်မှူး တီမိုဝါနာကို ယူရိုသန်း ၂၀၊ ဝုဖ်ဘတ်ကစားသမား ရှက်လာဂါကို ယူရို ၁၂ သန်း၊ ပီအက်စ်ဗီကစားသမား ဒီယာလိုကို အငှားခေါ်ယူခဲ့ရာမှာ ယူရို ၁ ဒသမ ၅ သန်းအသုံးပြုခဲ့ပြီး စုစုပေါင်းပြောင်းရွှေ့ကြေး အသုံးစရိတ် ၅၉ ဒသမ ၅ သန်းထိ သုံးစွဲခဲ့တာကို တွေ့ရမှာပါ။ ကစားသမားပြန်လည်ရောင်းချမှုမှာတော့ ၄ ဒသမ ၅၇ သန်းရရှိခဲ့တာကြောင့် စုစုပေါင်းဝင်ငွေ ၇၅ ဒသမ ၈၂ သန်းပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လိုက်ပ်ဇစ်အသင်းဟာ ကစားသမားဝယ်ယူရောင်းချမှုမှာ အမြတ်ငွေ ၁၆ ဒသမ ၃၂ သန်းထိ ရရှိခဲ့တာကို တွေ့ရမှာပါ။ ဘောလုံး ရာသီပြီးဆုံးချိန်မှာတော့ ပွဲ ၂၀ နိုင်၊ ခြောက်ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၆၆ မှတ်ထိရရှိခဲ့ပြီး အဆင့်(၃)မှာရပ်တည်နိုင်ခဲ့ပြီး ပိုကယ်ဖလားပြိုင်ပွဲမှာတော့ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့တာကို တွေ့ရမှာပါ။

ယူနီယံဘာလင်အသင်းကတော့ ကစားသမား ရောင်းချမှုနဲ့ငှားရမ်းမှုတွေမှာ ယူရို ၅ ဒသမ ၁၇ သန်းရရှိခဲ့တာကြောင့် စုစုပေါင်း ဝင်ငွေယူရို ၃၀ ဒသမ ၆၇ သန်းရရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ကစားသမား ဝယ်ယူရောင်းချမှုကနေ အမြတ်ငွေ ၆ ဒသမ ၀၂ သန်း ရရှိခဲ့တာဖြစ်ပါတယ်။ ဘောလုံးရာသီကုန်ဆုံးချိန်မှာတော့ ၁၈ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ရှစ်ပွဲရှုံးနဲ့ ရမှတ် ၆၂ မှတ်ရရှိခဲ့ပြီး အဆင့်(၄)မှာ ရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။

ဖရိုင်းဘတ်အသင်းကတော့ ကစားသမားဖြည့်တင်းမှုအနေနဲ့ ပီအက်စ်ဗွီအသင်းက ဒိုအန်ကို ယူရို ၈သန်း၊ စိန့်ပေါ်လီတိုက်စစ်မှူး ဒန်နီရယ်ကိုဖီကို ယူရို ၄ ဒသမ ၅ သန်း၊ အင်ဂိုစတက်အသင်းက မာလင်ကို ယူရို ၂ ဒသမ ၉ သန်းနဲ့ခေါ်ယူခဲ့ပြီး ပြောင်းရွှေ့ကြေး ၁၅ ဒသမ ၉ သန်း သုံးစွဲခဲ့တာဖြစ်ပါတယ်။ ကစားသမားရောင်းချမှုနဲ့ ငှားရမ်းမှုအတွက် ယူရို ၂၁ ဒသမ ၃၃ သန်း ပြန်လည်ရရှိခဲ့တာကြောင့် အမြတ်ငွေ ၅ ဒသမ ၄၃ သန်းရရှိခဲ့တာကို တွေ့ရမှာပါ။ ရာသီပိတ်သိမ်းချိန်မှာတော့ ၁၇ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ကိုးပွဲရှုံးနဲ့ ရမှတ် ၅၉ မှတ်ထိရရှိခဲ့ပြီး အဆင့်(၅)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။

လေဗာကူဆင်အသင်းကတော့ ကစားသမားဝယ်ယူမှုအတွက် ယူရို ၁၅ ဒသမ ၁ သန်းသုံးစွဲခဲ့ပြီး ပြန်လည်ရောင်းချမှုမှာ ၉ ဒသမ ၅ သန်းရရှိခဲ့တာကြောင့် ယူရို ၅ ဒသမ ၆ သန်းထိ အရှုံးပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဘောလုံးရာသီပိတ်သိမ်းချိန်မှာတော့ ၁၄ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၂ ပွဲရှုံးနဲ့ ရမှတ် ၅၀ ရရှိခဲ့ပြီး အဆင့်(၆)မှာရောက်ရှိခဲ့တာဖြစ်ပါတယ်။ ဖရန့်ဖတ်အသင်းကတော့ ကစားသမားဝယ်ယူမှုအတွက် ၂၇ ဒသမ ၈ သန်းအသုံးပြုခဲ့သလို ရောင်းချမှုကနေ ၁၈ ဒသမ ၄ သန်းရခဲ့တာကြောင့် ယူရို ၉ ဒသမ ၄ သန်းအရှုံးပေါ်ခဲ့တာဖြစ်ပြီး ဘောလုံးရာသီပြီးဆုံးချိန်မှာ ၁၃ ပွဲနိုင်၊ ၁၁ ပွဲသရေ၊ ၁၀ ပွဲရှုံးနဲ့ ရမှတ် ၅၀ ရရှိခဲ့ပေမဲ့ လေဗာကူဆင်နဲ့ ဂိုးကွာခြားချက်ကြောင့် အဆင့်(၇)မှာရောက်ရှိခဲ့တာကို တွေ့ရမှာပါ။

ဝုဖ်ဘတ်ကတော့ ကစားသမားဝယ်ယူမှုမှာ ယူရို ၃၅ ဒသမ ၇၅ သန်းနဲ့ ရောင်းချမှုမှာ ယူရို ၂၃ ဒသမ ၇ သန်းရရှိခဲ့တာကြောင့် ယူရို ၁၂ ဒသမ ၀၅ သန်းလိုငွေပြခဲ့တာဖြစ်ပါတယ်။ အဆင့်(၉)က မိန့်ဇ်အသင်းကတော့ ကစားသမားဝယ်ယူမှုမှာ ယူရို ၂၃ ဒသမ ၈ သန်းနဲ့ ပြန်လည်ရောင်းချမှုမှာ ယူရို ၂၄ ဒသမ ၂၅ သန်းရှိခဲ့တာကြောင့် အမြတ်ငွေ ယူရို ၄၅၀၀၀၀ ရခဲ့တာကို တွေ့ရမှာပါ။ အဆင့်(၁၀)က ဂလာဘတ်ကတော့ ကစားသမားဝယ်ယူမှုတွက် ယူရို ၂၄ သန်း၊ ပြန်လည်ရောင်းချမှုကနေ ယူရို ၂၃ သန်းရခဲ့တာကြောင့် လိုငွေ တစ်သန်းသာရှိခဲ့တာဖြစ်ပါတယ်။ အဆင့်(၁၁)က ကိုလုံးအသင်းကတော့ ကစားသမားသစ်ခေါ်ယူမှုအတွက် ၆ ဒသမ ၇၅ သန်း၊ ရောင်းချမှုကနေ ယူရို ၁၂ ဒသမ ၂၇ သန်းရခဲ့တာကြောင့် အမြတ်ငွေ ယူရို ၅ ဒသမ ၅၂ သန်းရရှိခဲ့တာဖြစ်ပါတယ်။ အဆင့်(၁၂) ကဟော်ဖန်ဟိမ်းကတော့ ကစားသမားခေါ်ယူမှုအတွက် ၁၉ ဒသမ ၈ သန်းသုံးစွဲခဲ့ပေမဲ့ ကစားသမားရောင်းချမှုကနေ ယူရို ၆၀ ဒသမ ၆ သန်းရခဲ့တာကြောင့် အမြတ်ငွေ ယူရို ၄၀ ဒသမ ၈ သန်းထိရှိခဲ့တာဖြစ်ပါတယ်။ အဆင့်(၁၃)က ဝါဒါဘရီမင်ကတော့ ကစားသမားခေါ်ယူမှုအတွက် ယူရို ၄ သန်းနဲ့ ရောင်းချမှုအတွက် ၁ ဒသမ ၈၅ သန်းရခဲ့တာကြောင့် လိုငွေ ၂ ဒသမ ၁၅ သန်းရှိခဲ့တာဖြစ်ပါတယ်။ အဆင့်(၁၄) က ဘိုချမ်ကတော့ ကစားသမားဝယ်ယူမှုမှာ ယူရို ၁ ဒသမ ၇၉ သန်းသုံးစွဲခဲ့ပြီး ရောင်းချမှုကနေ ယူရို ၁၆ ဒသမ ၀၅ သန်းရခဲ့တာကြောင့် အမြတ်ငွေ ၁၄ ဒသမ ၂၇ သန်းရှိခဲ့တာဖြစ်ပါတယ်။ ကျန်အသင်းတွေကတော့ ကစားသမားသစ်ခေါ်ယူမှုမှာ ငွေကြေးသုံးစွဲမှု ၁၅ သန်းမကျော်ခဲ့ဘဲ ဘောလုံးရာသီပြီးဆုံးချိန်မှာတော့ အော့စ်ဘတ်က အဆင့်(၁၅)၊ စတုဂတ်အသင်းက အဆင့်(၁၆)၊ ရှော်လ်ကေးအသင်းက အဆင့်(၁၇)နဲ့ ဟာသာဘာလင်အသင်းက အဆင့်(၁၈)ရပ်တည်ခဲ့တာကို တွေ့ရမှာပါ။

### ချန်ပီယံဆုနဲ့ တန်းဆင်းရန်အတွက် အားပြိုင်မှု

ဘွန်ဒက်လီဂါပြိုင်ပွဲဟာ ယခင်နှစ်တွေမှာတော့ ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်အသင်းတို့သာ ချန်ပီယံဆုဖလားအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပေမဲ့ ဒီနှစ်မှာတော့ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်တို့အပြင် ယူနီယံဘာလင်ဟာလဲ ချန်ပီယံဆုအတွက် ခြိမ်းခြောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ နောက်ပိုင်းမှာတော့ ဒေါ့မွန်အသင်းကသာ တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် ဘိုင်ယန်မြူးနစ်ကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပေမဲ့ ယူနီယံဘာလင်အသင်းဟာ ဖေဖော်ဝါရီလနောက်ပိုင်းကစလို့ ရလဒ်ပိုင်းကျဆင်းသွားတာကြောင့် ချန်ပီယံဆုကို စိန်ခေါ်ဖို့ လက်လျှော့လိုက်ရတာကို တွေ့ရမှာပါ။ ၂၀၂၃ ခုနှစ် မတ်လမှာတော့ ဘိုင်ယန်မြူးနစ်ဟာ နည်းပြနာဂျယ်စမန်းကိုထုတ်ပယ်ပြီး နည်းပြတူချယ်ကို ခန့်အပ်ခဲ့ပေမဲ့ ထင်သလောက် အလုပ်မဖြစ်ခဲ့တာကြောင့် အဆင့်(၂)က ဒေါ့မွန်နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းခဲ့ပြီး ပွဲစဉ်(၃၃)အပြီးမှာ ဒေါ့မွန်က အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ့မွန်ဟာ ချန်ပီယံဆုကို ရဖို့အခွင့်အရေးရခဲ့ပြီး နောက်ဆုံးပွဲစဉ်မှာ မိန့်ဇ်ကို သရေ ရလဒ်ထွက်ပေါ်ခဲ့လို့ ဘိုင်ယန်မြူးနစ်က ကိုလုံးကို အဝေးကွင်းကနေ နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တာကြောင့် ရမှတ်တူ ဂိုးကွာခြားချက်နဲ့ ဘွန်ဒက်လီဂါ ချန်ပီယံဆုဖလားကို ရရှိခဲ့တာဖြစ်ပါတယ်။

### ဆုကြေးငွေနှင့် ဆုဖလားရရှိမှု

ယခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်မှာ ဘွန်ဒက်လီဂါ ဇယားထိပ်မှာ ရပ်တည်နိုင်ခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းကတော့ ဆုကြေးငွေ ယူရို ၇၆ ဒသမ ၄၇ သန်းနဲ့ ချန်ပီယံဆုဖလားကို သိမ်းပိုက်နိုင်ခဲ့ပြီး အဆင့်(၂)မှာရပ်တည်နိုင်ခဲ့တဲ့ ဒေါ့မွန်အသင်းက ဆုကြေးအဖြစ် ယူရို ၇၄ ဒသမ ၉၇ သန်း၊ အဆင့်(၃)က လိုက်ပ်ဇစ်အသင်းက ယူရို ၇၂ ဒသမ ၀၉ သန်းနဲ့ ပိုကယ်ဖလား ချန်ပီယံဆုဖလားအတွက် ယူရို ၃ ဒသမ ၀၂ သန်းရခဲ့တာကြောင့် စုစုပေါင်း ဆုကြေးငွေ ၇၅ ဒသမ ၁၁ သန်းရရှိခဲ့တာဖြစ်ပါတယ်။ အဆင့်(၄)က ယူနီယံဘာလင်ကတော့ ဆုကြေးအဖြစ် ယူရို ၇၁ ဒသမ ၂၄ သန်း၊ အဆင့်(၅)က ဖရိုင်းဘတ်အသင်းက ဆုကြေးငွေ ယူရို ၆၉ ဒသမ ၉၄ သန်း၊ အဆင့်(၆)က လေဗာကူဆင်အသင်းက ဆုကြေးငွေ ယူရို ၆၇ ဒသမ ၇၈ သန်းနဲ့ အဆင့်(၇)က ဖရန့်ဖတ်အသင်းက ဆုကြေးငွေ ယူရို ၆၅ ဒသမ ၆ သန်းတို့ရရှိခဲ့ပြီး အဆင့်(၁)ကနေ အဆင့်(၇) ထိ အသင်းတွေဟာ လာမဲ့နှစ်မှာ ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ကလပ်အသင်းအားလုံးအနေနဲ့ စုစုပေါင်း သွင်းဂိုး ၉၇၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားကတော့ လိုက်ပ်ဇစ်အသင်းတိုက်စစ်မှူး အန်ကူကူက သွင်းဂိုး ၁၆ ဂိုးနဲ့ ထိပ်ဆုံးမှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် အိမ်ကွင်းဂိုးပြတ်အနိုင်ရခဲ့တဲ့ အသင်းတွေကတော့ ကိုလုံးအသင်းက ဝါဒါဘရီမင်အသင်းကို ခုနစ်ဂိုးတစ်ဂိုး၊ ဝုဖ်ဘတ်က ဖရိုင်းဘတ်ကို ခြောက်ဂိုးဂိုးမရှိ၊ ဒေါ့မွန်က ဝုဖ်ဘတ်ကို ခြောက်ဂိုးဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ရှော်လ်ကေးအသင်းကို ခြောက်ဂိုးဂိုးမရှိနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဝေးကွင်းဂိုးပြတ်ရှုံး အနိုင်ရခဲ့တာကတော့ ဘိုင်ယန်မြူးနစ်အသင်းက ဘိုချမ်အသင်းကို ခုနစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ပွဲဆက်အကြာဆုံးအနိုင်ရခဲ့တဲ့အသင်းကတော့ ဒေါ့မွန်အသင်းက ရှစ်ပွဲဆက်တိုက် အများဆုံးအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဟော်ဖန်ဟိမ်းအသင်းကတော့ ၁၃ ပွဲဆက်တိုက် နိုင်ပွဲမရခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ရှော်လ်ကေးအသင်းကတော့ ခုနစ်ပွဲဆက်တိုက် ရှုံးနိမ့်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။

# ကောလင်းခရိုင်တွင် နွေစပါး ၃၉၅၄ ဧက ရိတ်သိမ်းပြီးစီး



**ကောလင်း ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် စိုက်ပျိုးထားသော နွေစပါးသီးနှံ ၃၉၅၄ ဧက ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါးများရိတ်သိမ်းမှုကို မေလမှစ၍ ရိတ်သိမ်းလျက်ရှိရာ ယနေ့ထိ နွေစပါး ၃၉၅၄ ဧက ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၈၄ ဒသမ ၇၃ တင်းထွက်ရှိကာ ယခုလအတွင်း အပြီးရိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင်မှာ နွေစပါးဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိလဲ စိုက်ပျိုးထားတဲ့နွေစပါးတွေ ရိတ်သိမ်းနေကြပြီ။ နွေစပါးဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးနေပြီ။ နွေစပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်စေဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် နွေစပါးဧက ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၈၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၃၉ ဧကတို့ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ကောလင်းခရိုင်အတွင်း နွေစပါးစိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကောလင်းခရိုင်တွင် နွေစပါး ဧက ၆၃၀၀ ကို ယခုနှစ် ဇန်နဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါးဧက ၄၂၄၀ သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# မြေပုံမြို့နယ်၌ လျှပ်စစ်သွယ်တန်းခြင်းသင်တန်းဖွင့်

**မြေပုံ ဇွန် ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သွယ်တန်းခြင်းသင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်လှမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်တိုးလင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးမည့်သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချလုပ်ကိုင်ကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာရှိ စိတ်ဝင်စားသောဒေသခံပြည်သူများကိုလည်း လက်ဆင့်ကမ်းမျှဝေပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလျှပ်စစ်သွယ်တန်းခြင်းသင်တန်းသို့ သင်တန်းသားဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် လျှပ်စစ်သွယ်တန်းခြင်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၈ ရက်မှ ၂၈ ရက်ထိ ရက် ၂၀ ကြာ အခမဲ့ ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# ငပဲမြို့နယ် အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပဲ ဇွန် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးမြေတွင်းကျေးရွာအုပ်စု အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငပဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အိုးမြေတွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီများထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက အိုးမြေတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြူလေး**



# မအူပင်မြို့နယ်တွင် ပန်းနှမ်းများ ဈေးကောင်းရရှိလာပြီး အရောင်းသွက်နေ

**မအူပင် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ပန်းနှမ်းများ ဈေးကောင်းရရှိလာပြီး အရောင်းသွက်နေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်အေးအေးအောင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလက ပန်းနှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၁၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ယခုလက်ရှိတွင် ပန်းနှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းလာပြီး အရောင်းအဝယ်သွက်နေကြောင်း၊ အဆိုပါပန်းနှမ်းများကို အိန္ဒိယနိုင်ငံက ဝယ်ယူလျက်ရှိပြီး ဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံက ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ပန်းနှမ်းတွေဈေးသိသိသာသာကို ကောင်းလာပါတယ်။ အရင်က ရပ်နားထားတဲ့ ပြည်ပပို့ကုန်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပက ပန်းနှမ်းကို ဈေးကောင်းပေးဝယ်လာတာကြောင့် ပန်းနှမ်းဈေးကောင်းလာတာပါ။ လက်ရှိပေါက်နေတဲ့ ပန်းနှမ်းဈေးက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေအတွက် အခွင့်အရေးတစ်ရပ်ပဲဖြစ်ပါတယ်။ အခု မအူပင်မြို့နယ်က ပန်းနှမ်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်အေးအေးအောင်က ပြောပြသည်။



မအူပင်မြို့နယ်တွင် ပန်းနှမ်းစိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်လျှင် ဆောင်းသီးနှံစိုက်ပျိုးရာသီနှင့် နွေသီးနှံစိုက်ပျိုးရာသီတွင်သာ စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ အဆိုပါဒေသထွက် ပန်းနှမ်းများကို ပြည်တွင်း ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လဲချားမြို့နယ် ဟိုပိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**လဲချား ဇွန် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဟိုပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် အလျား ၁၆ ပေ၊ အနံ ၄ပေနှင့် အမြင့် ခုနစ်ပေရှိ လေးခန်းတွဲ သန့်စင်ခန်း တည်ဆောက်ခြင်း၊ အလျား ၁၂ ပေ၊ အနံ ၄ပေနှင့် အနက်ကိုးပေရှိ မိလ္လာကန်တည်ဆောက်ခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးလျက်ရှိရာ ဟိုပိုင်ကျေးရွာသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ်ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟိုပိုင်ကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂၇ ဒသမ ၈၀၅ သန်း ရရှိခဲ့ပြီးဖြစ်သဖြင့် အဆိုပါအတိုးရငွေမှ ငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ သုံးသန်း အကုန်အကျခံကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ပြောပြ၍ သိရသည်။

**အေးသူ**







## ဝန်ထမ်းအလိုရှိသည်

1. ယာဉ်မောင်း(မြို့တွင်း) အမျိုးသား (၁) ဦး
2. ရောင်း/မောင်း (မြို့တွင်း)အမျိုးသား (၂) ဦး
3. ရောင်း/မောင်း (နယ်) အမျိုးသား (၄) ဦး
4. အရောင်းဝန်ထမ်း အမျိုးသား (၄) ဦး
5. စာရင်းကိုင် အမျိုးသား၊ အမျိုးသမီး (၁) ဦး
   (လချုပ်စာရင်း၊ အရှုံး/အမြတ်တွက်ထုတ်နိုင်ရမည်။)
6. နေ့စား/အထွေထွေဝန်ထမ်း အမျိုးသား (၃) ဦး

အမှတ်စဉ်(1) (2) (3)အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း (၃)နှစ်နှင့်အထက်ရှိရမည်။
အမှတ်စဉ်အားလုံးအတွက် စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်ရမည်၊ အသောက်အစားကင်းရှင်းရမည်။ အလုပ်ကို အမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ CV Form နှင့်တကွ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

လိပ်စာ ➲ အမှတ် - 14၊ ၈၅လမ်း၊ ၂၈ × ၂၉လမ်းကြား၊ မန္တလေးမြို့
၀၂-၄၀၆၅၅၄၀၊ ၀၉-၅၀၆၉၁၉၉

## တာဟုန်ဖန်

**ခန်းဆီးလိုက်ကာ၊ လျှပ်စစ်နှင့် Xing Hai ရေချိုးခန်းသုံး**

၁။ **တရုတ်စကားပြန်** မ (၁) ဦး
- အသက် ၂၀ မှ ၂၈ နှစ်အတွင်း
- လစာညှိနှိုင်း

၂။ **အစည်ပ်** မ (၁) ဦး
- အသက် ၂၀ မှ ၃၀ နှစ်
- လစာ - အစမ်းခန့် ပထမ(၁)လ ၁၂၀၀၀၀ိ/-
  - ဒုတိယလ ၁၅၀၀၀၀ိ/- + %

၃။ **အရောင်းဝန်ထမ်း** မ (၄) ဦး
- အသက် ၁၈ နှစ်မှ ၂၆ နှစ်
- လစာ - ပထမလ ၁၂၀၀၀၀ိ/-
  - ဒုတိယလ ၁၅၀၀၀၀ိ/- + %

၄။ **Marketing** ကျား/မ (၆) ဦး
- အသက် ၁၈ နှစ်မှ ၂၈ နှစ်
- လစာ - ပထမလ ၁၂၀၀၀၀ိ/- + %
  - ဒုတိယလ ၁၅၀၀၀၀ိ/- + %

မှတ်ချက်။ ကိုယ်ပိုင်ဆိုင်ကယ်၊ (က)လိုင်စင်ရှိရမည်။
အထက်ပါဝန်ထမ်းအားလုံးသည် ၁ နှစ်ပြည့်ပါက နှစ်တိုး တစ်သောင်းရရှိမည်။
စိတ်ဝင်စားပါက CV ဖောင်အပြည့်အစုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ(သို့)ရဲစခန်းထောက်ခံစာယူဆောင်ခဲ့ပါရန်။

**လိပ်စာ** ➲ ၆၂ လမ်း၊ ၁၁၀× ၁၁၁
ဖုန်း: 09-402669618, 09-789393768

## ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်အသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် (၅၀၀) တွင် နေထိုင်သော ဦးထွန်းလင်း (ဘ) ဦးချင်ကိုင်တောင် (ခ) ဦးထွန်းရှိန်) (၁၂/လမတ (နိုင်) ၀၃၄၈၀၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေငြာအပ်ပါသည်။

ELEPHANT

**မှတ်ပုံတင်အမှတ်(၇၉၇၁/၂၀၁၆)**

အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၂၀၁၆ - ခုနှစ်တွင် စာချုပ်မှတ်ပုံတင်အမှတ် - ၇၉၇၁ ဖြင့် တရားဝင်မှတ်ပုံတင်ထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဓါတ်ဆီအင်ဂျင်အမျိုးမျိုး၊ ရေပန့်တွဲ၊ မြက်ရိတ်စက်၊ ဝရိန်ပုံးအမျိုးမျိုး၊ အခြားစက်ပစ္စည်းအမျိုးမျိုးတို့အပြင် ၎င်းစက်ပစ္စည်းများ၏ ဆက်စပ် ပစ္စည်းများ၊ စပယ်ယာပတ် စက်အပိုပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ဝယ်ယူ အားပေးသုံးစွဲသူအပေါင်းတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။ သို့ပါ၍ ဝယ်ယူသုံးစွဲသူအပေါင်းတို့အား အသိပေးလိုသည်မှာ မိမိတို့၏ ELEPHANT အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူး ရောင်းချလျက်ရှိသော အထက်ဖော်ပြပါ ပစ္စည်းအမျိုးမျိုးတို့ကို ဝယ်ယူအားပေးရာတွင် ဆင်တူယိုးမှား အမှတ်တံဆိပ်များအား မှားယွင်းဝယ်ယူမိခြင်း မဖြစ်စေရန်အတွက် ဂရုတစိုက် စိစစ်ဝယ်ယူအားပေးကြပါရန် အလေးအနက်ပန်ကြားအပ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှတပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ် သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တည်ဆဲဥပဒေများအရ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို (စဉ် - ၆၃၂၀)၊ တရားလွှတ်တော်ရှေ့နေ
အမှတ် (၆၆)၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၄၃၀၈၈၅၄၉

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ထွန်းထွန်းနိုင် (ဘ) ဦးအောမင်း (၁၄/ပသန(နိုင်)၀၈၈၂၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၆၀၉၉၄၈၁၄

### ပျောက်ဆုံးကြောင်း

ဟသ်တမြို့နေ မင်းကို (ဘ) ဦးခင်မောင်ထွေး (၁၄/ဟသတ(နိုင်)၃၄၇၇၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-111592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၈၅၇၉၄၇၂၃၉

### ပျောက်ဆုံးကြောင်း

ဟသ်တမြို့နေ မေဇူးချို (ဘ) ဦးသက်လှိုင်ဝင်း (၁၄/ဟသတ(နိုင်)၃၈၉၂၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-889639)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၅၄၉၄၇၀၀၈

### ပျောက်ဆုံးကြောင်း

ကျုံပျော်မြို့နေ မောင်ရဲထက်ပိုင်(ဘ) ဦးထွန်းသွန်း (၁၄/ကပန(နိုင်)၁၉၉၅၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-310835)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၉၄၉၆၅၈၇

သင့်သွေးဖြင့်
အသက်ကယ်ပါ

### အမည်ပြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ (အဘ)ဦးရဲထွဋ်ဝင်း ၏ သားနှင့်သမီးဖြစ်ကြသော Grade-9 မှ မောင်မြတ်ဘုန်းခန့်လင်း အား မောင်သီဟဇော်၊ Grade-1 မှ မဇင်ရတနာသွန်း အား မသက်ထက်စံ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သီဟဇော်၊ မသက်ထက်စံ

### အမည်ပြောင်း

ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်နေ ဦးနေဝင်းနိုင်-ဒေါ်မိုးဇင်ဝင်း တို့၏သား၊ ကျောက်ဆည်မြို့၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း Grade-1 မှ မောင်လင်းသစ်ခန့် အား မောင်လင်းနေဆန္ဒ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်လင်းနေဆန္ဒ

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ အေးချမ်းသာရွာနေ မောင်ဇော်လင်းအောင် (ဘ) ဦးဝင်းရွှေ (၉/တသန(နိုင်)၁၈၈၂၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF PV 1234)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၀၈၃၁၃၆၅

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်...

❖ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်သူ(Guardian)အဖြစ် ယင်းတာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂၃၊၂၊၂၀၂၂**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့်တပ်မတော်အသံလွှင့်တပ်များ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့်အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မှော်ဘီတပ်နယ်ရှိ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563